# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေးရဲ့ (၂၉)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်း က တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဒီကနေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများမှာ-

(၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၂) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၃) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်၊

(၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၅) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေခွင့် ၁ ရက်၊

(၆) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၇) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၉) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၁၀) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၁၁) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၁၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၄) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၅) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၁၆) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၁၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၁၈) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၉) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၀) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၂၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၂၂) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၁ ရက်၊

(၂၃) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁၅ ရက်၊

(၂၄) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် ခွင့် ၁ ရက်နှင့်

(၂၅) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယမန်နေ့က ခွင့်ပန်ကြားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မြစ်ကြီးနားမဲဆန္ဒနယ်က အရေးကြီးအဆိုတစ်ရပ် တင်သွင်းထားပါတယ်။ အဆိုမှာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ရန် အဆိုတစ်ရပ်တင်သွင်းလိုကြောင်း စာနှင့်ရေးသား တင်ပြထားပါတယ်။ ဒါကြောင့် အဆိုတင်သွင်းဖို့ ဦးသိန်းဇော်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကချင်ပြည်နယ် မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မှ မြန်မာနိုင်ငံတော်အနေနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုအစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့ အစည်းအားလုံးကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းအဆိုအား တင်သွင်းလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများဟာ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံသူနိုင်ငံသားများအားလုံးရဲ့ဂုဏ်သိက္ခာ မြင့်တက်နိုင်စေရေးအတွက် ကျွန်တော်တို့ ဒီအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပါတယ်။ ထို့အပြင် (၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများကိုလည်း ဒီလ ၁၂ ရက်နေ့ကနေပြီးတော့ ၁၄ ရက်နေ့အထိ အောင်မြင်စွာ၊ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါ တယ်။ ဒီဆောင်ရွက်ချက်များဟာ အင်မတန်ကို နိုင်ငံနှင့်လူမျိုးများအတွက် အားရဂုဏ်ယူဖွယ်ရာ ကောင်းတဲ့ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်သင့်ပါကြောင်း အဆိုအား လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြု ကြောင်း ဦးစွာတင်ပြလိုပါတယ်။ စောစောတုန်းက မြစ်ကြီးနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်တင်သွင်းသွားတဲ့ အရေးကြီးအဆိုဟာ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်တဲ့အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့အဖွဲ့အစည်းများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းအဆိုကို ကျွန်တော် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးတီခွန်မြတ်မှ လေးလေးနက်နက်ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မှန်ပါတယ်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်းများကိုဆိုတဲ့နေရာမှာ ထင်ရှားစွာမမြင်ရဘဲနဲ့ တကယ်ပင်ပင်ပန်းပန်းလုပ်ခဲ့တဲ့ လုံခြုံရေးအဖွဲ့အစည်းများ ဒီကာလအတွင်းမှာ မည်မျှလောက်ထိကြိုးစားခဲ့ရတယ်ဆိုတာ အားလုံးသုံးသပ်မယ်ဆိုရင် သိလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုမှာအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးသိန်းဇော်တင်သွင်းတဲ့အဆိုဖြစ်သော အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခြင်းနှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပါဝင်ဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိသည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဦးစွာ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရှိန်ကျော်ဝင်း(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဆိပ်ဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်း ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေ့လာသုံးသပ်ရေးကော်မရှင်ဟာ ကမ္ဘာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမယ့်စနစ်နဲ့ နည်းလမ်းများကို ပြည်သူ့လွှတ်တော်သို့ ပြည့်ပြည့်စုံစုံတင်ပြနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရာမှာ ရွေးကောက်ပွဲများဟာ အရေးကြီးပြီး အဓိကကျပါတယ်။ ရွေးကောက်ပွဲစနစ်များကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ခြင်းဟာ နိုင်ငံ့တာဝန်ထမ်းရွက်ရမယ့် လွှတ်တော်နဲ့ နိုင်ငံတော်အဖွဲ့အစည်းများအတွက် နိုင်ငံရေးအရ များစွာသက်ရောက်မှုရှိပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံကျင်းပစဉ်ကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အခန်း(၉) ရွေးချယ်တင်မြှောက်ပွဲအခန်းမှာ ဆွေးနွေးရာမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအတွေ့အကြုံတွေကိုအခြေခံပြီး ရွေးကောက်တင်မြှောက်ပုံစနစ်ကို မဲအများဆုံးရသူအနိုင်ယူ FPTP စနစ်အစား မှန်ကန်၍ တရားမျှတမှုရှိပြီး အားလုံးပါဝင်နိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ် PR စနစ်ကို ကျင့်သုံးသင့်ကြောင်း တင်ပြခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများမှာ မဲအများဆုံးရသူအနိုင်ယူစနစ်ဟာ မဲဆန္ဒရှင်တွေရဲ့ဆန္ဒကို မှန်မှန်ကန်ကန်ဖော်ဆောင်နိုင်တဲ့စနစ်မဟုတ်ကြောင်း လက်တွေ့ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ စနစ်ဟောင်းနဲ့ကျင်းပတဲ့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ တစညပါတီဟာ ခိုင်လုံမဲ ၂၅.၁ ရာခိုင်နှုန်းရပေမယ့် ကိုယ်စားလှယ်အချို့ကတော့ ၂ ရာခိုင်နှုန်းသာ ရရှိခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာလည်း တစညပါတီဟာ ခိုင်လုံမဲ ၂၂.၀၈ ရပေမယ့် ကိုယ်စားလှယ်အချိုးကတော့ ၅.၆ ရာခိုင်နှုန်းသာ ရရှိပါတယ်။ ထို့အတူ ၁၉၅၆၊ ၁၉၆၀ ပါလီမန်ရွေးကောက်ပွဲများမှာလည်း ဒီလိုပဲမမျှမတတဲ့ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပါတယ်။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုတဲ့ သဘောပါပဲ။ ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံ ၉၀ ကျော်မှာ အချိုးကျကိုယ်စားပြုရွေးချယ်တင်မြှောက်ပွဲစနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ PR စနစ်တွေထဲက

ရိုးရှင်းလွယ်ကူတဲ့စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်(LPR)နဲ့ နိုင်ငံပေါင်း ၇၀ မှာ ကျင့်သုံးနေတာကို တွေ့ရှိရပါတယ်။ FPTP စနစ်နဲ့ PR စနစ်ရောသုံးတဲ့နိုင်ငံများလည်း ရှိပါတယ်။ အချိုးကျကိုယ်စားပြုစနစ်(PR)ရဲ့ အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာကြည့်တဲ့အခါမှာ အဓိကကျတဲ့အကြောင်းအရာကတော့ မဲဆန္ဒရှင်ပြည်သူများပေးသည့်ဆန္ဒမဲများဟာ အဟောသိကံဖြစ်မှု အလွန်နည်းပါးပြီး ဆန္ဒပြုသူများ၏ ဆန္ဒပြုမှုများနှင့် ကိုယ်စားလှယ်အချိုးအစား မျှတစွာပေါ်ပေါက်ပါတယ်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုတွင် လူ့အဖွဲ့အစည်း၏ တည်ငြိမ်ရေးအတွက် အရေးကြီးလှသည့် အားလုံးပါဝင်ဆောင်ရွက်ရေး All Inclusive မှုကို ဖော်ဆောင်နိုင်ပါတယ်။ လွှတ်တော်တွင်း အမျိုးသမီးကိုယ်စားလှယ်များပါဝင်ပြီးတော့ နိုင်ငံရေးစွမ်းရည်မြှင့်တင်နိုင်ပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိနိုင်ပါတယ်စတဲ့ အကျိုးကျေးဇူးများကို ရရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာသုံးသပ်ရေးကော်မရှင်ဟာ ရွေးကောက်ပွဲစနစ်နဲ့ ပုံစံအမျိုးမျိုးတို့ကို ဘက်စုံလေ့လာပြီးတော့ ပြည်သူ့လွှတ်တော်နှင့် လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်များကို ရွေးချယ်ထားပါတယ်။ အဲဒါတွေကတော့ (၁) ယခင်စနစ်ဟောင်းဖြစ်တဲ့ မဲအများဆုံးရသူအနိုင်ယူ (FPTP)စနစ်၊ (၂) အချိုးကျကိုယ်စားပြု(PR)စနစ်၊ (၃) FPTP နဲ့ PR ပေါင်းစပ်ထားတဲ့ အပြိုင်နည်းစနစ်တို့ပဲ ဖြစ်တယ်။ လေ့လာသုံးသပ်ရေးကော်မရှင်က တင်ပြထားတဲ့ နည်းလမ်း(၈)ခုထဲမှ ရွေးချယ်ရာတွင် အောက်ပါအချက်အလက်များနှင့် ပြည့်စုံရန်လိုအပ်သည်ဟု ယူဆပါတယ်။ (၁) အားနည်းချက်မများသောနည်းလမ်း၊ (၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိတဲ့နည်းလမ်း၊ (၃) ပြည်သူတို့၏ဆန္ဒမဲ အဟောသိကံမဖြစ်သောနည်းလမ်း၊ (၄) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေသောနည်းလမ်း၊ (၅) ဒီမိုကရေစီနဲ့ဖွံ့ဖြိုးမှုကို မထိခိုက်သောနည်းလမ်း၊ နောက်တစ်ပါတီကြီးစိုးမှုကို အားမပေးဘဲ အချိုးကျမျှတမှုရှိသောနည်းလမ်းတို့ဖြစ်ပါတယ်။ ကော်မရှင်က လေ့လာတင်ပြထားတဲ့ နည်းလမ်း(၈)ရပ်အပေါ်မှာ တစ်ခုချင်းသုံးသပ်ရမယ်ဆိုရင် (၁) FPTP စနစ်၊ ယခင်အစဉ်အဆက်ကျင့်သုံးခဲ့သော ရွေးကောက်ပွဲဖြစ်သော်လည်း အားနည်းမှုရှိလာပြီဖြစ်၍ အခြားနိုင်ငံများနည်းတူ အားကောင်းသောစနစ်ပြိုင်ပူးပေါင်းသွားရန် လေ့လာတွေ့ရှိသော စာရင်းအလိုက်အချိုးကျကိုယ်စားပြုစနစ်(List PR)၊ တိုင်းဒေသကြီးခုနစ်ခုနှင့်ပြည်နယ်ခုနစ်ခုတို့နဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ ကိုအခြေခံပြီး မဲဆန္ဒနယ်များသတ်မှတ်ကာ ပါတီကိုမဲပေးရခြင်း။ ၎င်းစနစ်မှာ အတွေ့အကြုံနည်း၍သော်လည်းကောင်း၊ ပြည်နယ်များနှင့်တိုင်းရင်းသားများ အဆင်သင့်မဖြစ်သေး၍သော်လည်းကောင်း၊

တစ်ပြည်လုံးအတိုင်းအတာဖြင့် စတင်မကျင့်သုံးသင့်သေးပါ။ (၃) FPTP စနစ်နဲ့ PR စနစ်တို့ ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်သစ် အများလက်ခံနိုင်သော အထက်ပါစနစ်နှစ်ခုကို ပေါင်းစပ်ကျင့်သုံးထားသဖြင့် လက်ခံနိုင်ပါတယ်။ နောက်ပြည်နယ်အားလုံးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့နယ်ပေါင်း ၁၂၆ တို့အား FPTP စနစ်ဖြင့်လည်းကောင်း၊ ကျန် ၂၀၄ မြို့နယ်အား FPTP စနစ်ဖြင့်ပင် ရွေးချယ်ပြီး ထက်ဝက်ကျော်မဲရရှိသူများကို ကိုယ်စားလှယ်သတ်မှတ်ပေးတာ ဖြစ်ပါတယ်။ ရွေးချယ်ခြင်းမခံရတဲ့ မြို့နယ်များရဲ့ ဆန္ဒမဲပေါင်း၍ ပါတီအလိုက်အချိုးကျစနစ် ကျင့်သုံးခြင်းဖြစ်၍ လက်ခံသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ကိုက်ညီမယ်လို့ ယူဆပါတယ်။ (၄) ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်နှင့်မဲပေးပုံမှာ ယခင်စနစ် (၁)ထက်အချက်တစ်ချက်သာ ကွာပါတယ်။ ၂၀၄ ဦးကိုမဲပေးရာမှာ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်နည်းနဲ့ ရွေးချယ်ခံရသူများရဲ့မဲမပါဘဲနဲ့ ကျန်မဲများကို ရွေးချယ်မရသေးသော မြို့နယ်များနှင့် ပေါင်းစပ်၍ ပါတီအလိုက်အချိုးကျစနစ်ကို ကျင့်သုံးခြင်းဖြစ်၍ လက်ခံပါတယ်။ နည်းလမ်းအမှတ်(၅)၊ (၆)၊ (၇)၊ (၈)တို့မှာ အခြေခံဥပဒေနှင့် ညီညွတ်ရန် ပြုပြင်မှုများရှိလာနိုင်သဖြင့် လက်မခံသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။ အသင့်တော်ဆုံး နည်းလမ်းအဖြစ် အမှတ်စဉ် (၄)ကို ရွေးချယ်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာတင်ပြချက် အစီရင်ခံစာအပေါ် အပြုသဘောဖြင့် အကြံပြုတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာသုံးသပ်ရေးကော်မရှင်၏ အခြေခံမူနှင့် ရည်ရွယ်ချက်တို့ဟာ အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး နိုင်ငံတော်၏ ဒီမိုကရေစီ ဖော်ဆောင်မှုကို အထောက်အကူပြုမှုကို အများဆုံးရရှိနိုင်သော ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ကျယ်ပြန့်သည့်လေ့လာမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ ရွေးကောက်ပွဲစနစ်များကို လေ့လာပြီး သင့်လျော်သောနည်းလမ်း(၈)ခုကို တင်ပြထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ခြောက်ကြိမ်ပြုလုပ်ခဲ့ရာမှာ ရွေးကောက်ပွဲတိုင်းတွင် မဲအများဆုံးရရှိသူတစ်ဦးသာ အနိုင်ရသည့်စနစ်ဖြစ်သည့် FPTP စနစ်ကိုသာ ကျင့်သုံးပြီး ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ကြပါတယ်။ ယင်းစနစ်သည် ရိုးရှင်းလွယ်ကူတဲ့မဲပေးသည့်စနစ်ဖြစ်တာကြောင့် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းနှင့် တိုင်းရင်းသားများစွာအတွက် အခက်အခဲမရှိသည့် လူတိုင်းကျင့်သုံးနိုင်သည့်စနစ်တစ်ခုဖြစ်တာကို တွေ့ရှိရပါတယ်။ စနစ်က အုပ်ချုပ်မှုမဏ္ဍိုင်အားကောင်းမှုရှိသော်လည်း ညှိနှိုင်းပေါင်းစပ်မှုအားနည်းခြင်း၊ တစ်ပါတီကြီးစိုးမှုအားကြီးခဲ့ခြင်းစသည့်အားနည်းချက်များရှိခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာရာမှာ အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှု သဘောတရားစုံနှင့် ပြည်သူတို့၏ဆန္ဒစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး အပြန်အလှန် ထိန်းညှိနိုင်စွမ်းပိုမိုရှိသည့် အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်ကို ကြည့်မည်ဆိုပါကလည်း အားသာချက်၊ အားနည်းချက်များရှိကြောင်း တွေ့ရှိရပါတယ်။ PR စနစ်ကို ကျင့်သုံးမည်ဆိုပါက အချိုးကျညီမျှမှုရှိခြင်း၊ ပါတီအများစုပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်နည်းခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးချယ်ခံရရန်လွယ်ကူခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်မလိုခြင်း၊ အဝေးရောက်စနစ်ဖြင့် မဲပေးရန်လွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့်ဖြစ်ပေါ်မှုကို ကန့်သတ်နိုင်ခြင်း၊ မဲပေးသူအရေအတွက် များပြားနိုင်ခြင်းတို့ကြောင့် ၎င်းရွေးကောက်ပွဲစနစ်ကို ကျင့်သုံးမည်ဆိုပါကလည်း အကျိုးရှိနိုင်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုသည်မှာ မဲအများဆုံးရရှိသူ အနိုင်ယူစနစ်သည် ကျင့်သားရခြင်း၊ ရိုးရှင်းလွယ်ကူခြင်း၊ အုပ်ချုပ်မှုမဏ္ဍိုင်အားကောင်းခြင်းတို့ကြောင့် အခြေခံရွေးချယ်သင့်ပါကြောင်း၊ အလုံးစုံအချိုးကျကိုယ်စားပြုစနစ်နှင့် လုပ်နည်းကိုင်နည်းအဆင့်များပြားသည့် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲကျင့်သုံးခြင်းသည် ပြင်ဆင်ချိန်လိုအပ်သောကြောင့် အချိန်ရယူဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများပြန့်ကျဲနေထိုင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များရှိနေခြင်း၊ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုပိုမိုတိုးတက်ရန်နှင့် နိုင်ငံသားအခွင့်အရေးတောင်းဆိုနိုင်ရန် လွှတ်တော်အသီးသီးတွင် ကိုယ်စားပြုမှု၊ ပါဝင်နိုင်မှုရရှိနိုင်ရန်အတွက် ရှင်းလင်းလွယ်ကူပြီး ပြည်သူများ နားလည်သဘောပေါက်လက်ခံနိုင်သောစနစ်အား ပြင်ဆင်ကျင့်သုံးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာသုံးသပ်ရေးကော်မရှင်က တင်ပြထားသော အစီရင်ခံစာပါနည်းလမ်း(၈)မျိုးအနက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်

လိုက်လျောညီထွေမှုရှိမည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစနစ်နှင့် သင့်လျော်သည့်စနစ်ဖြစ်သည့် FPTP နှင့် PR စနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ် ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲ မရရှိသော ကိုယ်စားလှယ်များအား အခွင့်အရေးပေးသောစနစ်ကို ကျင့်သုံးမည်ဆိုပါက သင့်လျော်မှု ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါတယ်။ သို့သော်လည်း အထက်ပါစနစ်ကျင့်သုံးရန်အတွက် ခိုင်လုံမဲ ကိုသာ အရေအတွက်သတ်မှတ်ခြင်း၊ အစွန်းထွက်မဲရေတွက်မှုစနစ် ပါတီအလိုက်ကိုယ်စားပြုမည့် မြို့နယ်အရေအတွက် သတ်မှတ်ရွေးချယ်မှုစသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဝန်ထမ်းများ အား အသိပညာပေးခြင်းလုပ်ငန်းများကို အချိန်ယူဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မဲဆန္ဒရှင်ပြည်သူ လူထုအတွင်း ကိုယ်စားလှယ်ရွေးချယ်မှုစနစ်များကို နားလည်သဘောပေါက်ပြီး အားလုံးလက်ခံ ကျင့်သုံးနိုင်ရေး ရှင်းရှင်းလင်းလင်းသိရှိအောင် ပညာပေးဆောင်ရွက်ရန်လိုအပ်မည်ဟု ယူဆမိပါ ကြောင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးချယ်လိုက်သောရွေးကောက်ပွဲစနစ် ဟာ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ဆီလျော်အပ်စပ်ပြီး ပြည်သူများလိုလိုလားလားလက်ခံပြီး ရှင်းလင်းလွယ်ကူရန် အထူးလိုအပ်ပါတယ်။ ကိုယ်စားပြုမှုညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းမှုကို ရှေးရှုသည့် ရွေးကောက်ပွဲစနစ်မျိုးလည်း ဖြစ်သင့်ပါတယ်။ လက်တွေ့အကောင်အထည်ဖော်ရာမှာ လည်း ပွင့်လင်းမြင်သာပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်လာစေရေးအတွက် အုပ်ချုပ်သူအစိုးရ၊ လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လူထု လူတန်းစားအသီးသီးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး စိတ်ရင်းစေတနာအမှန် ဖြင့်ဆောင်ရွက်ကြမှသာ ခိုင်မာတဲ့ရွေးကောက်ပွဲစနစ်တစ်ရပ်ကို ရေရှည်တည်ဆောက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်ရွေးကောက်ပွဲစနစ်ကို ရွေးချယ် သည်ဖြစ်စေ၊ ရွေးချယ်လိုက်သော ကိုယ်စားလှယ်အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် များသည်လည်း အခြားသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ လွှတ်တော်သို့ရောက်ရှိပြီး ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းအရ ပါဝင်နေရခြင်းဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် မြန်မာနိုင်ငံဒီမိုကရေစီ

ဖော်ဆောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အချို့၏ ဆွေးနွေးချက်များဟာ မိမိတို့တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပေါ်တွင် ရွေးကောက်ခံကိုယ်စားလှယ်၊ ရွေးချယ်ခံကိုယ်စားလှယ်များဖြင့် ခွဲခြားပြောဆိုခြင်းသည် အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် မိမိတို့တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေပါတယ်။ ဒ့ါအပြင် ဆွေးနွေးသူ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများလေးစားထိုက်သည့် ပုဂ္ဂိုလ်ဆိုသည့်ဂုဏ်ကို ထိခိုက်စေနိုင်သလို ပြည်သူလူထုမှလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် နောင်ဆွေးနွေးမှုများတွင် လွှတ်တော်နည်းဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆွေးနွေးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မင်း၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နဲ့ လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာရေးအတွက် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာမှာပါတဲ့ ရွေးကောက်ပွဲပုံစံ(၈)ခုအနက်မှ ပုံစံ (၃)နဲ့ (၄)ကို ကျွန်တော့်အနေနဲ့ အပြုသဘော အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲပုံစံ(၃)နဲ့(၄)ဟာ FPTP စနစ်နဲ့ PR စနစ်ကို ပေါင်းစပ်ထားတဲ့စနစ်ဖြစ်ကြောင်း၊ FPTP စနစ်ကို အခြေခံထားကြောင်း၊ လူတစ်ကိုယ်တစ်မဲသာပေးရလို့ ဖွဲ့စည်းပုံနဲ့လည်း ကိုက်ညီကြောင်း၊ မဲဆန္ဒနယ်မြေတွေ ပြောင်းလဲဖို့မလိုကြောင်း၊ မဲပေးတဲ့စနစ်မပြောင်းလို့ မဲပေးရတာ ရှုပ်ထွေးမှု၊ ခက်ခဲမှုမရှိနိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအချက်ကို ထောက်ပြချင်တာက ကျွန်တော်တို့ ဒီပုံစံ(၃)နဲ့ (၄)မှာ FPTP စနစ်နဲ့ PR စနစ်ကို ပေါင်းစပ်ထားတယ်လို့ အစီရင်ခံစာက ဖော်ပြထားပေမယ်လို့ PR စနစ်ဘက်ကို အလေးပေးပြီးတော့မှ ရေးဆွဲထားတယ်ဆိုတာကို တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်နယ်တွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေဖြစ်တဲ့ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တွေမှာသုံးတဲ့ FPTP စနစ်နဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ နေပြည်တော်ကောင်စီမှာသုံးတဲ့

FPTP စနစ်ဟာမတူပါဘူး။ ပြည်နယ်တွေမှာသုံးတဲ့ FPTP စနစ်ကျတော့ မဲအများဆုံးရတဲ့သူကို အနိုင်ပေးတဲ့စနစ်ဖြစ်ပြီးတော့ တိုင်းဒေသကြီးနဲ့ နေပြည်တော်ကောင်စီမှာ သုံးတဲ့စနစ်ကျတော့ ၅၀ ရာခိုင်နှုန်းကျော်လွန်တဲ့သူကို အနိုင်ပေးတဲ့စနစ်ဖြစ်နေပါတယ်။ ဒီလိုရာခိုင်နှုန်းနဲ့ မဲရေတွက်တဲ့ စနစ်ဟာ FPTP စနစ်မဟုတ်ပါဘူး။ ဒါ PR စနစ်မှာပဲ တွေ့ရတာပါ။ FPTP စနစ်မှာက ရာခိုင်နှုန်းနဲ့ အနိုင်မဲကို မဆုံးဖြတ်ပါဘူး။ FPTP စနစ်ဆိုတာက ကိုယ်စားလှယ်လောင်းများရဲ့မဲများကို ယှဉ်ပြိုင် ရေတွက်တဲ့နေရာမှာ ရာနဲ့ထောင်နဲ့ချီပြီး သာသည်ဖြစ်စေ၊ တစ်မဲသာသည်ဖြစ်စေ မဲသာတဲ့သူကို အနိုင် ပေးတဲ့စနစ် ဖြစ်ပါတယ်။ ယခု ပုံစံ(၃)နဲ့(၄)ရဲ့ စနစ်ကတော့ အနိုင်ရမယ့် ကိုယ်စားလှယ်တစ်ယောက် ဟာ သတ်မှတ်ထားတဲ့ရာခိုင်နှုန်းတစ်ခုကို ကျော်လွန်ပြီးတော့မှ အနိုင်ရမယ့်စနစ်ဖြစ်နေပါတယ်။ FPTP စနစ်ရဲ့ အခြေခံသဘောတရားနဲ့ ကွဲလွဲသွားပြီဖြစ်လို့ FPTP ကို အခြေခံထားတယ်ဆိုတာ လုံးဝ မဟုတ်တော့ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ ကျွန်တော် ထောက်ပြချင်တာကတော့ ကိုယ်စားပြုမှုကွဲလွဲခြင်းနှင့် Right To Recall ကိစ္စဖြစ်ပါတယ်။ ရွေးကောက်ပွဲပြုလုပ်တယ်ဆိုတာ မဲဆန္ဒရှင်များက မိမိတို့ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မြို့နယ်ကို ကိုယ်စားပြုမယ့်ကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ခွင့်နဲ့ အဲ့ဒီကိုယ်စားလှယ်က သူရဲ့မဲဆန္ဒ နယ်မြေမှာ တာဝန်မကျေပွန်လို့ ရှိရင်လည်းပဲ တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်တွေကိုလည်း ရှိရမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)မှာ ပေးထားပြီးဖြစ်ပါတယ်။ ဒီပုံစံ(၃)နဲ့ (၄)ကို ကြည့်မယ်ဆိုလို့ရှိရင် ၅၀ ရာခိုင်နှုန်းကျော်ရရှိတဲ့ မြို့နယ်တွေမှာတော့ မြို့နယ်ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်ကို တိတိကျကျအတည်ပြုနိုင်လို့ ဒီကိုယ်စားလှယ်ဟာ တို့မြို့နယ်က ကိုယ်စားလှယ်ပဲ ဆိုပြီး သိရှိနိုင်ပါတယ်။ အဲ့ဒီကိုယ်စားလှယ်က သူရဲ့တာဝန်တွေ မကျေပွန်ဘူးဆိုရင်လည်းပဲ ကျွန်တော် တို့ မဲဆန္ဒရှင် ပြည်နယ်သူများက ပြန်လည်ဖြုတ်ချပိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ၅၀ ရာခိုင်နှုန်းကျော် အနိုင်မဲမရရှိတဲ့မြို့နယ်များကျတော့ ပါတီအလိုက် ကိုယ်စားပြုကိုယ်စားလှယ်လောင်းများရဲ့ မဲများကို ပေါင်းပြီး တိုင်းအလိုက် မဲဆန္ဒနယ်မြေအသစ်များ သတ်မှတ်ပြီးတော့ ကိုယ်စားလှယ်များကို ပါတီ အလိုက် အချိုးကျခွဲဝေမယ့်စနစ် ဖြစ်ပါတယ်။ အဲ့ဒီပါတီအလိုက်အချိုးကျ ဖြစ်လာမယ့်ကိုယ်စားလှယ် များဟာ တိုင်းဒေသကြီး မဲဆန္ဒတစ်ခုလုံးကို ခြုံငုံပြီးတော့ ကိုယ်စားပြုတဲ့သူများဖြစ်လို့ မြို့နယ်တွေကို ကိုယ်စားပြုမယ့်ကိုယ်စားလှယ်များ မဟုတ်တော့ပါဘူး။ မြို့နယ်တွေကို ကိုယ်စားပြုမှုမရှိဘူးဆိုရင် တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ဖြစ်တဲ့ Right To Recall အရ မြို့နယ်တစ်ခုချင်းက မဲဆန္ဒရှင်

များအတွက် အခွင့်အရေးရနိုင်မှုဟာလည်းပဲ ထိခိုက်စေမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အခွင့်အရေးတွေဟာလည်း တန်းတူညီမျှမှု မရှိနိုင်တော့ဘူးဆိုတာ ဒီရွေးကောက်ပွဲပုံစံ(၃)နဲ့(၄)က ဖော်ပြနေပါတယ်။ မဲဆန္ဒနယ်မြေအသစ် ပြန်လည်ဖွဲ့စည်းရတဲ့အတွက်လည်းပဲ ဖွဲ့စည်းပုံနဲ့မကိုက်ညီဘူးဆိုတာကို တွေ့ရပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ထောက်ပြချင်တာကတော့ မဲပေးတဲ့စနစ်က အပြောင်းအလဲမရှိလို့ ရှုပ်ထွေးမှု၊ ခက်ခဲမှုမရှိကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ မဲပေးရတာကတော့ တစ်ကြိမ်သာမဲပေးရပေမယ့် မဲရေတွက်တဲ့နေရာမှာတော့ FPTP စနစ်ဟာ ယခုကျင့်သုံးနေတဲ့ ယခုကျင့်သုံးမယ့် Mixed Member Propotional အရောစနစ်ထက် သူက ရှုပ်ထွေးမှုနဲ့ အချိန်ကြန့်ကြာမှုများက ပိုပါတယ်။ ဒီရွေးကောက်ပွဲပုံစံ(၃)နဲ့(၄)ရဲ့ မဲရေတွက်မှုက အချိန်ကြာလာလေလေ မဲပေးသူ မဲဆန္ဒရှင်ပြည်သူများရဲ့ စိတ်ခံစားမှုမှာ သံသယဖြစ်မှုနဲ့ စိုးရိမ်စိတ်ဖြစ်မှုတွေကို ဖြစ်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲပြီးလို့ မဲရုံပိတ်ချိန်မှာ မဲများကို ကျွန်တော်တို့ ရေတွက်ကြရပါတယ်။ လက်ငင်းမြေပြင်မဲရေတွက်လို့ ပြီးဆုံးချိန်မှာတော့ မြို့နယ်က ပြည်သူတွေမျှော်လင့်ထားတဲ့ ကိုယ်စားလှယ်လောင်းက မဲအရေအတွက် ဘယ်လောက်နဲ့ မဲအများဆုံးရလို့ ငါတို့မြို့နယ်က ကိုယ်စားလှယ်ဖြစ်ပြီဆိုပြီးတော့ ပြည်သူတွေက ထင်မှတ်ကြမှာပါ။ အဲ့ဒီကိုယ်စားလှယ်ရတဲ့မဲဟာ အများဆုံးတော့ရမယ်။ ဒါပေမယ့် ၅၀ ရာခိုင်နှုန်းမကျော်လို့ ပါတီအချိုးကျမဲတွေထဲ ရောက်သွားပြီးတော့ ပါတီအလိုက်ရွေးချယ်တဲ့စာရင်းထဲမှာ မပါခဲ့ဘူးဆိုရင် အဲ့ဒီမဲဆန္ဒနယ်မှာ ကိုယ်စားပြု အရွေးခံယှဉ်ပြိုင်တဲ့ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အနိုင်ရရှိပြီးမှ ပြန်ရှုံးသွားစေတဲ့အချက်က ကိုယ်စားလှယ်လောင်းရဲ့ အခွင့်အရေးအရရော၊ မဲဆန္ဒရှင်များရဲ့ မိမိတို့ဒေသရဲ့ ကိုယ်စားလှယ်ကို တင်မြှောက်တဲ့အခွင့်အရေးအရရော စိတ်ခံစားမှုပါ များစွာထိခိုက်စေပါတယ်။ Close Typeအရဆိုရင်လည်းပဲ ကိုယ်စားလှယ်များကို ပါတီက ရွေးချယ်မှာဖြစ်တဲ့အတွက်ကြောင့် ပါတီတွင်း အာဏာရှင်စနစ် ပေါ်ထွန်းလာစေနိုင်သလို Open Type စနစ်အရဆိုရင်လည်းပဲ ပါတီတွင်းက ကိုယ်စားလှယ်ချင်းချင်းကို မဲများများရအောင် ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ပါတီတွင်း စိတ်ဝမ်းကွဲမှုတွေ၊ အုပ်စုကွဲမှုတွေ ဖြစ်လာနိုင်စေပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုသာဖြစ်ခဲ့ရင် ပါတီတွေ အားကောင်းတော့မှာ မဟုတ်ပါဘူး။ ပါတီတွေအားမကောင်းရင် ဒီပါတီတွေနဲ့ တည်ဆောက်ထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာလည်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ နောက်ဆုံး ဒီမိုကရေစီစနစ်သည်ပင်လျှင် ကျွန်တော်တို့ ယိုင်နဲ့လာနိုင်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲစနစ် တစ်ခု ပြောင်းလဲမယ်ဆိုရင်

အချိန်တွေယူရပါမယ်။ ပြည်သူတွေ အမှန်တကယ်သိရှိနားလည်ပြီး လက်ခံလာတော့မှ ရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းလဲဖို့ဆိုတာ စဉ်းစားစေချင်ပါတယ်။ ဆုံးဖြတ်သင့်ပါတယ်။ ယခုလည်း FPTP စနစ်ကနေပြီး နောက်ရွေးကောက်ပွဲစနစ်တစ်ခုကို ပြောင်းမယ်ဆိုရင် ရွေးကောက်ပွဲနဲ့ တိုက်ရိုက်ဆက်နွယ်ပတ်သက်နေတဲ့ မဲဆန္ဒရှင်များရဲ့ ဆန္ဒကိုရယူပြီးမှသာ ပြောင်းလဲသင့်ပါကြောင်း အပြုသဘောနဲ့ ကျွန်တော့်ရဲ့ဆွေးနွေးမှုကို နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပြီး မြန်မာနိုင်ငံတော်နဲ့ လိုက်လျောညီထွေမှုရှိတဲ့ ရွေးကောက်ပွဲ စနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ် ကျွန်တော့် တစ်ဦးချင်းအမြင်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်ဖို့အတွက် အချိန်မလုံလောက်ခဲ့ရင် အနည်းငယ်ထပ်တိုးပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဆွေးနွေးတဲ့အခါ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အနာဂတ်အကျိုးစီးပွားကို ဦးထိပ်ထားပြီးတော့ မှန်တယ်လို့ မိမိယုံကြည်ယူဆထားတဲ့အတိုင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဆုံး ဆွေးနွေးလိုတဲ့အချက်ကတော့ လက်ရှိ ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲကျင့်သုံးဖြစ်မယ်ဆိုရင် ပြည်နယ်ခုနစ်ခုနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ မဲဆန္ဒနယ်သုံးခုကို လက်ရှိမဲအများဆုံးရသူ အနိုင်ရစနစ်အတိုင်း ဆက်လက်ကျင့်သုံးဖို့ တင်ပြထားချက်ကို ထောက်ခံလိုကြောင်း ပြောကြားလိုပါတယ်။ အကြောင်းကတော့ ပြည်နယ်အသီးသီးမှာ နေထိုင်ကြတဲ့ လူနည်းစုတိုင်းရင်းသားတွေ ဥပမာ ပလောင်၊ ပအိုဝ်း၊ လားဟူ၊ အင်းသား စသူတွေဟာ လူဦးရေနည်းပါးပြီး မြို့နယ်အလိုက်သာ စုစုစည်းစည်း နေထိုင်ကြတာဖြစ်လို့ ၎င်းတို့နေထိုင်တဲ့မြို့နယ်မှာတော့ ၎င်းတို့ဟာ လူများစုဖြစ်ကြပါတယ်။ သို့သော်လည်း တစ်ပြည်နယ်လုံးမှာရှိတဲ့ လူဦးရေများတဲ့ ဗမာလူမျိုး၊ ရှမ်းလူမျိုးစတဲ့ အခြားလူမျိုးများနဲ့ ရောနှောဖြန့်ကျက်နေထိုင်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် ၎င်းတို့ရဲ့ လက်ရှိနေထိုင်မှုပုံစံအရ ယခုကျင့်သုံးတဲ့ မဲအများဆုံးရသူ အနိုင်ရစနစ်ဖြင့်သာလျှင် ၎င်းတို့ကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်များ လွှတ်တော်တွင်း ရောက်နိုင်ခြေများပြီး PR စနစ်နဲ့ အချိုးချတွက်ချက်ခံလိုက်ရရင်တော့ လူနည်းစုတိုင်းရင်းသားတွေကို ကိုယ်စားပြုတဲ့လွှတ်တော်ကိုယ်စားလှယ်များ

လွှတ်တော်ထဲရောက်လာနိုင်ခြေ နည်းပါးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်နယ်တွေမှာ First Past The Post လို့ခေါ်တဲ့ မဲအများဆုံး အနိုင်ရသူ ရွေးကောက်ပွဲစနစ်ကျင့်သုံးခြင်းက လျော်ကန်သင့်မြတ်ပါတယ်။ တိုင်းဒေသကြီးခုနစ်ခုမှာတော့ အဓိကအားဖြင့် ဗမာလူမျိုးများ အများစုနေထိုင်ကြပြီး နိုင်ငံရေးအရ အမြင်မတူ ကွဲပြားသူများ ပါတီအလိုက်ထောက်ခံသူများဟာ အတူတကွရောက်နှောဖြန့်ကြဲနေထိုင်လျက်ရှိပါတယ်။ တိုင်းဒေသကြီးများအတွင်း ပြည်သူများရဲ့ နိုင်ငံရေးအရ ထောက်ခံယုံကြည်မှုကလည်း အကွဲကွဲအပြားပြား ဖြစ်နေပါတယ်။ ဒါ့ကြောင့် အဲ့ဒီမှာ နေထိုင်ကြတဲ့ အဲ့ဒီလိုနိုင်ငံရေးထောက်ခံမှု မတူကွဲပြားကြတဲ့ မဲဆန္ဒရှင်တွေကို မှန်ကန်စွာကိုယ်စားပြုနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရေးကိစ္စမှာ မဲအများဆုံး ရသူအနိုင်ရစနစ်တစ်ခုတည်းသက်သက်ကိုကျင့်သုံးမယ်ဆိုရင် စနစ်ရဲ့အားနည်းချက်ကြောင့် မှန်ကန်စွာကိုယ်စားပြုနိုင်ဖို့မဖြစ်နိုင်ပါ။ ဒါကြောင့် တိုင်းဒေသကြီးခုနစ်ခုမှာတော့ First Past The Post စနစ်ထက် အခြေအနေနဲ့ ပိုမိုကိုက်ညီတဲ့စနစ်သစ်တစ်ခု ပြောင်းလဲကျင့်သုံးသင့်တယ်လို့ ယူဆပါတယ်။

အခြေအနေအချိန်အခါကိုလိုက်လို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမတူဘဲ ရွေးကောက်ပွဲစနစ်ကို ဒီလိုခွဲခြားကျင့်သုံးတာဟာ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ ခံစားရရှိနိုင်ဖို့ ကျင့်သုံးတာသာဖြစ်လို့ ဒါဟာ တန်းတူမဟုတ်ဘူးလို့ ပြောမယ်ဆိုရင် မမှန်ပါ။ ဒါဟာ ကျင့်သုံးတဲ့ နည်းနာမတူတဲ့ ပြဿနာသာဖြစ်ပြီး အခွင့်အရေးဆိုတဲ့ ရပိုင်ခွင့်ပြဿနာမဟုတ်ပါဘူး။ ကိုယ်စားလှယ်ရွေးချယ်ပိုင်ခွင့်ဆိုတဲ့ ရပိုင်ခွင့်က တန်းတူသာဖြစ်ပါတယ်။ ဥပမာပြောရရင် ဗမာလူမျိုးတစ်ယောက်ကို ပုဆိုးတစ်ထည်ပေးလို့ရှိရင် ရှမ်းလူမျိုးတစ်ယောက်ကို ရှမ်းဘောင်းဘီတစ်ထည် ပေးသလိုပဲဖြစ်ပါတယ်။ ဝတ်တဲ့ပုံစံချင်းမတူတာကြောင့် တန်းတူအခွင့်အရေးမဟုတ်ဘူးလို့ ပြောမယ်ဆိုရင် မှားပါလိမ့်မယ်။ နောက်တစ်ချက်က ပြည်နယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် လူနည်းစုတိုင်းရင်းသားပါတီလေးတွေရောတစ်နိုင်ငံလုံးလွှမ်းခြုံထားနိုင်တဲ့ နိုင်ငံရေးပါတီကြီးတွေပါ ရွေးကောက်ပွဲဆိုင်ရာ တူညီတဲ့အခွင့်အရေးများကို ရကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲစနစ်ကို ဒီလိုခွဲခြားကျင့်သုံးမယ်ဆိုတဲ့အချက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စရာအကြောင်းမရှိပါလို့ ပြောကြားလိုပါတယ်။

ဒုတိယအချက်ဆွေးနွေးလိုတာကတော့ ကမ္ဘာပေါ်မှာ အခြေခံအားဖြင့် နှစ်မျိုးသာရှိမှာဖြစ်တဲ့ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ မဲအများဆုံးရသူအနိုင်ရစနစ်နဲ့ PR လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုစနစ် ဘယ်ဟာပိုကောင်းသလဲဆိုတာကို ဆွေးနွေးလိုပါတယ်။ သေချာတာတစ်ခုက မဲအများဆုံး

အနိုင်ရသူစနစ်ဟာ ကမ္ဘာပေါ်မှာ အစောဆုံးကျင့်သုံးခဲ့တဲ့ အရိုးရှင်းဆုံး၊ အလွယ်ကူဆုံးစနစ်ဖြစ်ပါတယ်။ ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီစနစ်ကို ကမ္ဘာ့နိုင်ငံအားလုံးက တစိုက်မတ်မတ်မကျင့်သုံးကြသလဲဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ အကြောင်းကတော့ အဲ့ဒီအစောဆုံး ကျင့်သုံးခဲ့တဲ့စနစ်မှာ အားနည်းချက်များ ရှိနေလို့ပဲဖြစ်ပါတယ်။ ဒါကို ပိုမိုတရားမျှတတဲ့ ရွေးချယ်ကိုယ်စားပြုမှုဖြစ်စေရန် ပြုပြင်ဖို့လိုအပ်ချက်တွေကြောင့်ပဲ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတွေက နိုင်ငံရေးပညာရှင်တွေဟာ First Past The Post စနစ်ရဲ့အားနည်းချက်များကို ဖြေလျှော့ဖို့ တီထွင်ကြံဆရင်း၊ စမ်းသပ်ကျင့်သုံးရင်း အသစ်အသစ် တွေ့ရှိလာတဲ့စနစ်ကတော့ PR လို့ခေါ်တဲ့ အချိုးကျကိုယ်စားပြုစနစ်ပဲဖြစ်ပါတယ်။ အဲ့ဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ တရားသေမထားဘဲ မိမိနိုင်ငံအခြေအနေနဲ့ လိုက်လျောညီထွေရှိအောင် တီထွင်ကြံဆ ကျင့်သုံးကြလို့ ယခုအခါမှာ ကမ္ဘာပေါ်မှာ First Past The Post စနစ်ချည်းသက်သက်မဟုတ်တဲ့ ရွေးကောက်ပွဲပုံစံအမျိုးကွဲပေါင်း များစွာရှိနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ First Past The Post မဲအများဆုံးရသူအနိုင်ရစနစ်သက်သက်ချည်းပဲ ကျင့်သုံးတဲ့နိုင်ငံက ၄၇ နိုင်ငံပဲရှိပြီး First Past The Post သက်သက်ချည်းပဲ မကျင့်သုံးတဲ့နိုင်ငံက ပိုမိုများပြားနေတာကိုလည်း အားလုံးသတိထားမိကြမှာဖြစ်ပါတယ်။ ဒါဆိုရင် ရိုးရှင်းလွယ်ကူတဲ့ မဲအများဆုံးရသူအနိုင်ရစနစ်မှာ အားနည်းချက်တွေရှိနေတာကတော့ သေချာပါတယ်။ ကျွန်တော် လေ့လာသိရှိထားတဲ့ ထင်သာမြင်သာတဲ့ အားနည်းချက်သုံးခုကတော့ (၁)ကိုယ်စားလှယ်လောင်း သုံး၊ လေးဦးလောက်ပြိုင်တဲ့ပွဲမှာ မဲလာပေးသူအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကျော် မရရှိတဲ့သူဟာလည်း မဲအများဆုံးရသူဖြစ်သွားပြီး အားလုံးရဲ့ ကိုယ်စားပြုသူဖြစ်သွားနိုင်ခြင်း အမှန်က သူ့ကိုမထောက်ခံသူက ရာခိုင်နှုန်းအများအပြား ရှိနေတတ်ပါတယ်။ (၂) First Past The Post စနစ်ကို ရေရှည်ကျင့်သုံးလိုက်မယ်ဆိုရင် နောက်ဆုံးမှာ အဓိကပြိုင်ဘက် နိုင်ငံရေးပါတီကြီးနှစ်ခု သို့မဟုတ် သုံးခုလောက်သာ ကျန်ရှိတည်တံ့နေနိုင်တော့ခြင်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို။

**ဥက္ကဋ္ဌ**။ ။ ဆက်ဖတ်ပါ။ ဆက်ဖတ်ပါ။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒီအချက်ကတော့ မတူကွဲပြားခြားနားတဲ့ လူမျိုးအသီးသီးဟာ အတူတကွ ရောနှောနေထိုင်ကြတဲ့ နိုင်ငံတွေမှာ သိသိသာသာသက်ရောက်မှုရှိပြီး

လူနည်းစုတွေရဲ့ နိုင်ငံရေးပါတီများဟာ ရွေးကောက်ပွဲတွေမှာ အမြဲလိုလိုရှုံးနိမ့်လေ့ရှိတာကြောင့် နှစ်ပေါင်းများစွာကြာလာတော့ အားပေးမယ့်သူမရှိဘဲ မရပ်တည်နိုင်ဖြစ်ကာ ပြိုကွဲပျက်သုဉ်းသွားလေ့ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဥပမာပေးရရင် အမေရိကန်ပြည်ထောင်စုပဲဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုမှာ မူလအစက နိုင်ငံရေးပါတီပေါင်း ၂၀၀ ကျော်လောက်ရှိခဲ့ပေမယ့် ယနေ့အချိန် မှာတော့ အဓိကပြိုင်ဘက် ပါတီကြီး နှစ်ခုသာလျှင် တကယ်တမ်းလှုပ်ရှားနိုင်ပါတော့တယ်။ နံပါတ်(၃) အားနည်းချက်ကတော့ ပါတီအလိုက် တစ်ပြည်လုံးရရှိတဲ့ ထောက်ခံမဲရာခိုင်နှုန်းနဲ့ လွှတ်တော်တွင်း ကိုယ်စားလှယ်ရရှိမှုရာခိုင်နှုန်း လွန်စွာ ကွဲပြားခြားနားနေခြင်းပဲဖြစ်ပါတယ်။ ဒီစနစ်ကျင့်သုံးတဲ့အခါ ရှုံးနိမ့်သွားတဲ့အဓိကပါတီဟာ တစ်ပြည်လုံးထောက်ခံမဲအရ ရာခိုင်နှုန်းအများအပြားရရှိပေမယ့် လွှတ်တော်တွင်းမှာတော့ ကိုယ်စားပြုမှုနေရာ ရာခိုင်နှုန်းအနည်းငယ် သို့မဟုတ် လုံးဝမရရှိတဲ့ အနေအထားမျိုးဖြစ်တတ်ပါတယ်။ ဒါနဲ့ပတ်သက်တဲ့ ဥပမာတွေကို First Past The Post ကျင့်သုံးခဲ့တဲ့ ရွေးကောက်ပွဲတိုင်းလိုလိုမှာ အထင်အရှားတွေ့မြင်နိုင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထောက်ခံသူရာခိုင်နှုန်း အများအပြားရှိနေပေမယ့် လွှတ်တော်ထဲမှာတော့ မိမိတို့ပါတီ ကိုယ်စားလှယ် များနေရာမရရှိဘဲ မိမိတို့ကိုယ်စားပြုတဲ့ ပြည်သူလူထုရဲ့ အသံတိတ်ဆိတ်နေရတဲ့အနေအထား နိုင်ငံကို စီမံခန့်ခွဲဖို့ ဥပဒေပြုရေးအခန်းမှာ ထိထိ ရောက်ရောက်မပါဝင်နိုင်တဲ့အနေအထားမျိုးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အချို့ ကြုံဖူးကြပြီဖြစ်လို့ ကိုယ်ချင်းစာနားလည်နိုင်ကြပါလိမ့်မယ်။ ဒီလို အခြေအနေဟာ တိုင်းပြည်တစ်ခုကို မတည်မငြိမ်ဖြစ်စေနိုင်တဲ့ အဓိကအကြောင်းအရင်းတစ်ခု ဖြစ်တတ်လို့၊ ဖြစ်လည်းဖြစ်ခဲ့လို့ ဒီအားနည်းချက်ကို အဓိကဖြေရှင်းဖို့ လိုပါတယ်။ ယနေ့ မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ရွေးကောက်ပွဲစနစ်သစ်တစ်ခုကို လေ့လာသုံးသပ်ဖို့ ဤလွှတ်တော်က ကော်မရှင်ကို ပေးအပ်ထားတဲ့တာဝန်ရဲ့ လက်တွေ့ အဓိပ္ပာယ်က ပြည်သူတွေက ဆန္ဒမဲပေးရတာ ရှင်းလင်းလွယ်ကူပြီး မဲအများဆုံးရသူအနိုင်ရစနစ်ရဲ့ ဒီနောက်ဆုံး တတိယအားနည်းချက်ကို လျှော့ချပေးနိုင်တဲ့စနစ်တစ်ခုကို ရှာဖွေရေးပဲဖြစ်တယ်လို့ ကျွန်တော် နားလည်ထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ဖော်ပြပါ အဓိက အကြောင်းအချက်ကြောင့် လွှတ်တော်ကို တင်သွင်းတဲ့ကော်မရှင်ရဲ့ အစီရင်ခံစာပါ နံပါတ်(၃)နဲ့ နံပါတ် (၄) ပုံစံတွေဟာ ကျွန်တော်တို့ စဉ်းစားရွေးချယ်သင့်တဲ့ပုံစံတွေဖြစ်တယ်လို့ ထောက်ခံလိုပါတယ်။ အကြောင်းကတော့ ဒီစနစ်နှစ်ခုမှာ (၁) မဲပေးကြတဲ့ပြည်သူများက ယခင်ကကျင့်သုံးခဲ့တဲ့ မဲပေးပုံစနစ် ကို အပြောင်းအလဲမရှိဘဲ လွယ်ကူစွာဆက်လက်ကျင့်သုံးနိုင်ခြင်း၊ (၂) First Past The Post

ရွေးကောက်ပွဲစနစ်ကို အခြေခံအသုံးပြုထားတာကြောင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိခြင်း။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော် အသေးစိတ်ရှင်းပြပါမယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက မဲအများဆုံးရသူ အနိုင်ရစနစ် အတွက် ရည်ရွယ်ပြီး ပြဋ္ဌာန်းထားတာဖြစ်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်အချို့က ထောက်ပြ ဆွေးနွေးသွားခဲ့ပါတယ်။ မှန်ပါတယ်။ ဒါကို ကျွန်တော် မငြင်းလိုပါ။ သို့သော်လည်းပဲ အခြေခံဥပဒေ အပါအဝင် ဥပဒေအချို့မှာဖြစ်တတ်တဲ့ သဘာဝအတိုင်း ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေမှာလည်း ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဟာပေါက်ရှိနေပါတယ်။ အဲ့ဒါကတော့ မည်သည့်ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးရမည်လို့ တိကျစွာ သတ်မှတ်မထားတာရယ်၊ မဲအများဆုံးရသူ သို့မဟုတ် မဲမည်မျှရသူကို ရွေးကောက်ပွဲအောင်နိုင်သူအဖြစ် သတ်မှတ်ရမည်လို့ ပြဋ္ဌာန်းမထားတာရယ်၊ လူပုဂ္ဂိုလ် သို့မဟုတ် ပါတီကိုယ်စားပြု ယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းကို ပေးလိုက်တဲ့ ဆန္ဒမဲကို ပါတီမဲအဖြစ် ပြောင်းလဲသတ်မှတ်ပိုင်ခွင့်မရှိလို့ ဆိုမထားတာရယ် စတဲ့အချက်တွေဟာ ဟာပေါက်တွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခွင်မှာ ကျွမ်းကျင်တဲ့ရှေ့နေဟာ ဥပဒေရဲ့ဟာပေါက်ကို အသုံးပြုထောက်ပြပြီး မိမိရဲ့အမှုသည်ကို ပြစ်ဒဏ်ပေးခံရခြင်းက ကွင်းလုံး ကျွတ်လွတ်အောင် ဆောင်ရွက်ကြလေ့ရှိပါတယ်။ ဒီလိုလုပ်တာဟာ မမှန်ကန်ဘူးလို့မဆိုနိုင်သလို ကျွမ်းကျင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများဟာလည်း အခြေခံဥပဒေရဲ့ ဟာပေါက်ကို အသုံးပြုပြီး နိုင်ငံနဲ့ နိုင်ငံသားများအတွက် ရေရှည်မှာ အကျိုးဖြစ်စေမယ့်ဥပဒေများကို ပြဋ္ဌာန်းဖို့ ကြိုးစားကြစမြဲဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံရေးပါတီတိုင်း အခြေခံဥပဒေ ဘောင်အတွင်းက ဒီလိုပဲလုပ်လေ့ရှိပါတယ်။တစ်ဖက်မှာလည်းပဲ ဒါနဲ့ပတ်သက်ပြီး အခြေခံဥပဒေနဲ့ မညီညွတ် ဘူးလို့ ယူဆကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ရာခိုင်နှုန်းဟာ အခြေခံဥပဒေပုဒ်မ ၃၂၆ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်များအရ ခုံရုံးရဲ့အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါတယ်လို့လည်း အသိပေး လိုပါတယ်။ နံပါတ်(၃) တတိယအချက်အနေနဲ့ ထောက်ခံရတဲ့အကြောင်းကတော့ ယခုပြောင်းလဲ ကျင့်သုံးဖို့ စဉ်းစားနေတဲ့စနစ်ဟာ နောင်အနာဂတ်မှာ ပိုမိုတိကျ တရားမျှတစွာ ကိုယ်စားပြုနိုင်တဲ့ ရွေးကောက်ပွဲစနစ်တစ်ခု ကျင့်သုံးနိုင်ရေးအတွက် စတင်လိုက်တဲ့ အခြေခံခြေလှမ်းတစ်လှမ်း ဖြစ်ခြင်း ကြောင့် ဖြစ်ပါတယ်။ နံပါတ်(၄) အချက်အနေနဲ့ ပြောလိုတာကတော့ အဲ့ဒီရွေးကောက်ပွဲစနစ်အရ ပေါ်လာတဲ့လွှတ်တော်ဟာ ပါတီကြီးတစ်ခုခုက အပြတ်အသတ်လွှမ်းမိုးထားတဲ့ လွှတ်တော်ဖြစ်မနေဘဲ

တိုင်းရင်းသားလူနည်းစုပါတီများနဲ့ အခြားပါတီငယ်ကလေးများကလည်း အထိုက်အလျောက် အင်အားမျှနေပြီး သူ့နေရာနဲ့သူ အရေးပါနေနိုင်ခြင်း စတဲ့အချက်တို့ကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီရွေးကောက်ပွဲစနစ်အရ အနာဂတ် လွှတ်တော်ဟာ အဓိက ပြိုင်ဘက်ပါတီကြီးနှစ်ခုအနက် တစ်ခုခုက ဦးဆောင်နေရာမှာရှိနေမှာ ဖြစ်သော်လည်းပဲ တိုင်းရင်းသားလူနည်းစုပါတီငယ်လေးများနဲ့ လူမျိုးကြီး ဗဟိုပြုနိုင်ငံရေးပါတီ ငယ်လေးများမှ ကိုယ်စားလှယ်များဟာ အချိုးအစားတစ်ခုအနေနဲ့ လွှတ်တော်တွင်း ဥပဒေပြုရေး ကိစ္စများမှာ အသီးသီးအရေးပါအရာရောက်တဲ့ အနေအထားကနေ ပါဝင်လှုပ်ရှားနိုင်မှာဖြစ်ပါ တယ်။ ဒီအခြေအနေနှင့်ပတ်သက်ပြီး တချို့သော လွှတ်တော်ကိုယ်စားလှယ်များက အင်အားတောင့် တင်းတဲ့ အစိုးရမဖွဲ့နိုင်ဘဲ အင်အားချိနဲ့တဲ့ ညွန့်ပေါင်းအစိုးရပဲ ဖွဲ့နိုင်မှာဖြစ်တယ်လို့ ထောက်ပြပြောဆို သွားခဲ့တာတွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သမ္မတအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ် တာကြောင့် ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ကတော့ မတူကွဲပြားပါတယ်။ ကျွန်တော်တို့လွှတ်တော်ရဲ့ အဓိကတာဝန်ဟာ နံပါတ်(၁) အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ အကြီးအကဲ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတများကို ရွေးကောက်တင်မြှောက်ခြင်း၊ နံပါတ်(၂) အဲ့ဒီအုပ်ချုပ်ရေးမဏ္ဍိုင်။

**ဥက္ကဋ္ဌ**။ ။ ရပါပြီ။ နှစ်ဆပိုယူထားပါပြီ။ ရပ်ပါ။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ နိဂုံးလေးကို ထောက်ခံပြီးတော့ ထောက်ခံလိုပါတယ်။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကဲ လက်ခုပ်တီးပေးလိုက်ပါဦး။

**ကိုယ်စားလှယ်များ**။ ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးအောင်၊ သဲကုန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိတဲ့ ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေဖို့ လေ့လာသုံးသပ်ရေး ကော်မရှင်ရဲ့အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လေ့လာသုံးသပ်ရေးကော်မရှင်ဟာ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာခဲ့ပြီး အစီရင်ခံစာမှာ ပြည့်စုံစွာဖော်ပြထားရှိကြောင်း တွေ့ရှိရပါတယ်။

ဒီလိုတွေ့ရှိရတဲ့အတွက် ကော်မရှင်ရဲ့ဆောင်ရွက်မှုတွေကို ကျွန်တော်တို့ အသိအမှတ်ပြုချီးကျူးရမှာ ဖြစ်ပါတယ်။ ကော်မရှင်ရဲ့တင်ပြထားတဲ့ ရွေးကောက်ပွဲရှစ်မျိုးအနက် FPTP စနစ်ကို အခြေခံတဲ့ ရွေးကောက်ပွဲစနစ်နှစ်မျိုးမှာ ကျွန်တော်တို့ ရွေးကောက်ပွဲနည်းလမ်း(၄)ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေမှုရှိတဲ့ ရွေးကောက်ပွဲစနစ်ဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ခံယူပါတယ်။ တင်ပြပါနည်းလမ်းဟာ ရှုပ်ထွေးမှုမရှိဘဲနဲ့ ယခင်မဲပေးနည်းအတိုင်း မဲပေးရတဲ့ FPTP စနစ် မဲအများဆုံးရသူ အနိုင်ယူစနစ်ကို အခြေခံပြီးတော့ဆန္ဒမဲ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲရရှိတဲ့ ကိုယ်စားလှယ်များကို အခွင့်အရေးပေးထားတဲ့စနစ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပါတီပေါင်းများစွာရှိတဲ့အတွက် ပါတီငယ်များ လွှတ်တော်နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်နိုင်ရေးကို ကျွန်တော်တို့ အလေးဂရုစိုက်ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ဒီပါတီငယ်တွေထဲမှာဆိုလို့ရှိရင် ထူးချွန်ထက်မြက်တဲ့ နိုင်ငံကိုအကျိုးပြုလိုတဲ့ ခေါင်းဆောင်တွေဟာ ပါဝင်ဦးဆောင်နေကြတယ်ဆိုတာကိုလည်း သတိမူမိစေလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီကူးပြောင်းကာလမှာ နိုင်ငံ့အကျိုးကို ဆောင်ရွက်လိုသူတွေ နိုင်ငံရေးပါတီများအားလုံးဟာ အဆိုးအကောင်းတိုင်ပင်ပြီးတော့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို လက်တွဲဆောင်ရွက်ရမယ့် အချိန်ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံမှာဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများရဲ့ လွှတ်တော် နိုင်ငံရေးကို ထည့်သွင်းစဉ်းစားသင့်ပါတယ်လို့ တင်ပြလိုပါတယ်။ FPTP စနစ်နဲ့ အချိုးကျရွေးကောက်ပွဲစနစ်ကို ပေါင်းစပ်အသုံးပြုကြတဲ့အတွက်ကြောင့်မို့လို့ ပါတီကြီးကြီးငယ်ငယ် ကျွန်တော်တို့ရရှိတဲ့ မဲရာခိုင်နှုန်းပေါ်မှာ မျှတအချိုးညီစွာနဲ့ လွှတ်တော်တွင်းမှာ ပူးပေါင်းဆောင်ရွက် ခွင့်ရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေခြင်းဟာ ကျွန်တော်တို့ပါတီဟာ အနိုင်ရပါတီကြီးတစ်ခုဖြစ်ပြီးတော့ လွှတ်တော်အတွင်းမှာ ကိုယ်စားလှယ်အင်အားစု အများဆုံးရရှိထားတဲ့ပါတီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုဆွေးနွေးနေလို့ ကျွန်တော်တို့ပါတီဟာ ရှုံးမှာစိုးလို့ ဆွေးနွေးလိုခြင်းမဟုတ်ဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ညီညွတ်မှုရှိစေဖို့၊ ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်ဖို့သာ ရည်ရွယ်ပြီးတော့ ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို အလေးထားသောအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အင်အားကြီးတဲ့ပါတီကြီးတစ်ခုဖြစ်တာနဲ့အညီ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းအင်တွေလည်းရှိပါတယ်။ ယှဉ်ပြိုင်နိုင်မှုစွမ်းအင်တွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အောင်မြင်မှုကိုရရှိဖို့ကိုလည်းပဲ အသေအချာမျှော်မှန်းထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်နှစ်ပေါင်းများစွာ အားနည်းချက်တွေရှိလာပြီးတော့ တစ်ပါတီကြီးစိုးရေးကိုသာ အစဉ်တစိုက်ပံ့ပိုးပေးနေတဲ့ FPTP ရွေးကောက်ပွဲစနစ်ကို အချိန်ကာလနှင့်အညီ ပြောင်းလဲသင့်ပါလျက် ပြောင်းလဲခြင်းမပြုဖို့ အပြင်းအထန်တားဆီးပိတ်ဆို့ ငြင်းဆန်နေပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျတော့ ဘာကြောင့်အလျင်စလို ပြောင်းလဲပေးဖို့ တောင်းဆိုနေကြတာလဲဆိုတာလည်း ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ အရာရာတိုင်းဟာ အစဉ်သဖြင့် လှုပ်ရှားပြောင်းလဲနေကြပါတယ်။ ဖြစ်နေပျက်နေ အသစ်တဖန်ဖော်ထုတ်နေကြတယ်ဆိုတဲ့ မပြောင်းလဲနိုင်တဲ့ မှန်ကန်တဲ့နိယာမသစ္စာတရားကို မျက်ကွယ်ပြုနေတဲ့သဘောလည်းရှိပါတယ်။ ကာလဒေသနဲ့ မှန်ကန်တဲ့သစ္စာတရားကြောင့် အသက်တမျှအရေးကြီးလှတဲ့ ၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ရပ်ဆိုင်းခဲ့ပြီးတော့ တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲ အခြေအနေအချိန်အခါနှင့်အညီ ပြုပြင်ပြောင်းလဲပြီးတော့ ဆောင်ရွက်နေရပြီဆိုတာ၊ ကျွန်တော်တို့ အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့ ဆွေးနွေးနေကြပြီဆိုတာကိုလည်း မြန်မာသိ၊ ကမ္ဘာသိဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို လိုက်လျောညီထွေစွာ ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးဖို့ညှိနှိုင်းကြတာကိုလည်းပဲ ကျွန်တော်တို့က ခွဲခြားပြီးကျင့်သုံးတယ်၊ သွေးခွဲပြီးတော့ ဆောင်ရွက်တယ်ဆိုပြီး ကျင့်သုံးနေတာကိုလည်း ကျွန်တော့်အနေနဲ့ ကန့်ကွက်လိုပါတယ်။ ကျွန်တော်တို့ဟာ တစ်ပြေးညီကျင့်သုံးနိုင်မယ်ဆိုရင် ကျွန်တော်တို့ဟာ ပိုပြီးကြိုက်ပါတယ်။ ဒီလိုကျင့်သုံးမယ်ဆိုတာကိုလည်း ကျွန်တော်တို့က လက်ခံလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ရွေးကောက်ပွဲစနစ်က ရှုပ်ထွေးပွေလီတယ်။ ပြဿနာတက်နိုင်တယ်ဆိုပြီးတော့ အဆိုးမြင်တဲ့ တစ်ဖက်သတ်သုံးသပ်နေဖို့လည်း မသင့်တော်ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ စနစ်တစ်ခုကို ပြောင်းလဲကျင့်သုံးဖို့ ကြိုးပမ်းနေခြင်းဟာ နိုင်ငံတော်နှင့် ပြည်သူရဲ့အကျိုးအတွက် ဦးစားပေးစဉ်းစားပြီးတော့ အားနည်းချို့ယွင်းမှုကို အနည်းဆုံးဖြစ်အောင် ကြိုတင်တွက်ဆပြီးတော့ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက ဝိုင်းဝန်းကြိုးစားအားထုတ် ဖော်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။ မြင့်မြတ်မှန်ကန်တဲ့ ဒီမိုကရေစီကျင့်စဉ်ဖြစ်၍ အားလုံးပြုစုပျိုးထောင်ကျင့်သုံးဖို့ တာဝန်ဟာ ကျွန်တော်တို့အားလုံးမှာ ကိုယ်စီရှိဖို့လိုပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှ ခြင်းတည်းဟူသော လောကပါလတရားတွေကို အတွင်တွင်ညွှန်းဖော်ဆိုပြီးတော့ မဲအများဆုံးရသူတစ်ဖက်သတ်အနိုင်ယူဆိုတဲ့ အခွင့်အရေးကို တစ်ဖက်သတ်တောင်းဆိုတွယ်ဖက်နေခြင်းဟာ လောကပါလတရားရဲ့ မြင့်မြတ်နက်ရှိုင်းလှတဲ့ အနက်အဓိပ္ပာယ်နဲ့ ညီညွတ်မှုရှိ/မရှိကိုလည်း မိမိကိုယ်ကိုမိမိ

ပြန်လည်ဆန်းစစ်ဝေဖန်သင့်ပါတယ်။ ကျွန်တော်တို့ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ မဲအများဆုံးရသူအနိုင်ယူစနစ်ကြောင့် ညီညွတ်မှုတွေပြိုကွဲပြီးတော့ တိုင်းပြည်ဆင်းရဲတွင်းနက်ခဲ့တာကိုလည်းပဲ အတိတ်သင်ခန်းစာများအရ မမေ့အပ်သင့်ပါဘူး။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ မိမိနိုင်ငံနဲ့လိုက်လျောညီထွေမှုရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်းပဲ ညီညွတ်စွာဖြင့် ဒီမိုကရေစီစနစ်ကိုလည်း ပိုမိုဖော်ဆောင်နိုင်တဲ့၊ တိုင်းရင်းသားလူမျိုးအားလုံးကလည်း နှစ်သက်လက်ခံနိုင်တဲ့ ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲစနစ်ကို ဖော်ဆောင်တင်ပြထားတဲ့ ရွေးကောက်ပွဲနည်းလမ်း(၄)ဟာ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံနဲ့ အသင့်လျော်ဆုံးစနစ်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းကျော်နီ၊ မြောင်းမြမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းကျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ လေ့လာသုံးသပ်ချက်အစီရင်ခံစာ စာမျက်နှာ ၁၀၊ စာပိုဒ် ၂ စာကြောင်း ၈ မှာ တပ်မတော်အနေနဲ့တော့ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်က ဆွေးနွေးတင်ပြတဲ့နေရာမှာ မဲအများဆုံးရတဲ့သူ အနိုင်ယူစနစ်ဟာ ကျင့်သားရခြင်း၊ ရိုးရှင်းလွယ်ကူခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် အားကောင်းစေခြင်းတို့ကြောင့် အခြေခံပြီးတော့ ရွေးချယ်သင့်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်သည် ကျင့်သုံးဖူးတဲ့အတွေ့အကြုံမရှိသေးခြင်း၊ သိရှိနားလည်ဖို့အတွက် လိုအပ်ခြင်းတို့ကြောင့် သုံးသပ်လေ့လာရန် အချိန်ယူဆောင်ရွက်သင့်ကြောင်းလို့ ဆွေးနွေးထားတာ တွေ့ရပါတယ်။ ခုနက ဆွေးနွေးသွားတဲ့ တပ်မတော်သားကိုယ်စားလှယ်ကလည်းပဲ ဒီအတိုင်းပဲ ဆက်လက်ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင် FPTP စနစ်အရ အားကောင်းတဲ့အတွက်ကြောင့်မို့လို့ ခုနကတုန်းက ကျွန်တော်တို့ လွှတ်တော်ကြီးမှာ အရေးကြီးအဆိုနဲ့ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အောင်အောင်မြင်မြင်လုပ်နိုင်တာသည် အုပ်ချုပ်ရေးမဏ္ဍိုင်အားကောင်းလို့ ဖြစ်တာဖြစ်ပါတယ်။ ဒါကို FPTP စနစ်အရ ရောက်လာတဲ့ အစိုးရကိုယ်စားလှယ်များဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမူမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတဲ့အချက် ပါရှိနေပါတယ်။ ပြည်သူ့လွှတ်တော်မှာ PR ရွေးကောက်ပွဲစနစ် စတင်ဆွေးနွေးရန် အဆိုတင်သွင်းစဉ်က တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်

မတက်ကြဘဲ ကန့်ကွက်ခဲ့ကြတဲ့ မြန်မာသိ၊ ကမ္ဘာသိပါ။ ဒီလွှတ်တော်ကိုမတက်ကြဘဲ ကန့်ကွက်ကြတာဟာ PR ရွေးကောက်ပွဲစနစ်ကို မနှစ်သက်ကြလို့ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုတော့ ပြည်နယ်တွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်မှာ PR ရွေးကောက်ပွဲစနစ်မဟုတ်တော့ဘဲ၊ မကျင့်သုံးတော့ဘဲ FPTP စနစ် ရွေးကောက်ပွဲစနစ်ကို မူလအတိုင်း ကျင်းပပေးသွားမယ်လို့ လေ့လာရေးကော်မရှင်က လွှတ်တော်ကို အစီရင်ခံပြောကြားခဲ့ပါတယ်။ ပြည်မနဲ့ တိုင်းဒေသကြီးတွေမှာတော့ FPTP စနစ်လည်း ရာခိုင်နှုန်းပြည့် မဟုတ်သလို PR စနစ်လည်းမကျတဲ့ ဖက်စပ်ကို ရွေးကောက်ပွဲစနစ် နံပါတ်(၄)ကိုကျင့်သုံးဖို့ ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားကြတာ သိခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ တန်းတူညီမျှရေးကို သိပ်လိုလားကြပါတယ်။ တန်ဖိုးလည်းထားကြပါတယ်။ ဒါကြောင့်လည်း တစိုက်မတ်မတ် ကရင်တစ်ကျပ်သား၊ ဗမာတစ်ကျပ်သား၊ ရှမ်းတစ်ကျပ်သားရကြဖို့ ဖွင့်ဟတောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး တန်းတူအခွင့်အရေးရကြဖို့ ယခုလည်း ဆက်လက်တောင်းဆိုနေလျက်ပါ။ တိုင်းရင်းသားညီနောင်သားချင်းတို့ခင်ဗျား။ မိမိတို့၏ ယုံကြည်ချက်ဖြစ်တဲ့ တန်းတူအခွင့်အရေးရရှိဖို့ကို မေ့ပစ်လိုက်ကြတော့မှာလား။ ဒီမိုကရေစီပန်းတိုင်ခရီးကို တစ်လှေတည်းစီးပြီး တစ်ခရီးတည်းသွားနေကြတဲ့ တိုင်းရင်းသားညီနောင်သားချင်းတို့ခင်ဗျား။ လှေရဲ့တစ်နေရာမှာ ပေါက်နေရင် ထိုအပေါက်ကိုရေမဝင်အောင် အားလုံးညီညီညာညာ အချိန်မီပူးပေါင်းဖာထေးပါမှ လှေထဲကိုရေဝင်ပြီး ရောက်လာမယ့်ဘေးကင်းဝေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးမှာ ကရင်၊ ဗမာဦးရေဟာ တစ်ဝက်ရှိပါတယ်။ ပဲခူးတိုင်းမှာလည်း ဒီအတိုင်းပါပဲ။ တနင်္သာရီတိုင်းမှာလည်း ဒီအတိုင်းပါပဲ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာလည်း တိုင်းရင်းသားတွေရှိနေပါတယ်။ မိမိတို့ဒေသမှာ FPTP ရွေးကောက်ပွဲစနစ် ကျင့်သုံးခွင့်ရသွားတဲ့အတွက် ကျန်ဒေသနေတိုင်းရင်းသားတွေကို လျစ်လျူရှုထားခဲ့တော့မှာလား။ ယခုကျင်းပနေတဲ့ (၁၁)ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံနှင့်တိုင်းရင်းသား လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးပွဲမှာ စတင်ဆွေးနွေးမယ့် အချိန်ကနေစပြီးတော့ ယခုအချိန်အထိ တိုင်းရင်းသားပါတီက ဝင်ရောက်ဆွေးနွေးတာ ကိုယ်စားလှယ်တစ်ယောက်ပဲ တွေ့ရပါသေးတယ်။ ဒီကိစ္စဟာ ကျွန်တော်ယခုဆွေးနွေးတဲ့ ရွေးကောက်ပွဲစနစ်ဆိုတာ ကိုယ့်ပြည်နယ်တစ်ခုတည်းအတွက်သာ မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးရဲ့ အရေးဖြစ်နေတယ်ဆိုတာသတိထားကြဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်နဲ့တိုင်းဒေသကြီးကို ဒီလိုခွဲခြား

ကျင့်သုံးတာ စိတ်မကောင်းပါဘူး။ အားလုံးက ပြည်ထောင်စုစိတ်ဓာတ်မွေးကြရမှာ ဖြစ်ပါတယ်။ အားလုံးအတွက် တစ်ယောက်သည် တာဝန်ရှိသလို အားလုံးမှာလည်း တစ်ယောက်အတွက် တာဝန်ယူကြရာမှာဖြစ်ပါတယ်။ ဒီလိုစိတ်ထားတွေ မွေးကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ် ပြည်လုံးကျွတ်ရွေးကောက်ပွဲကြီး နိုင်ရေး/မနိုင်ရေးကို ပါတီတွေက ဦးတည်ဆွေးနွေးနေကြတယ်လို့ ပြည်သူလူထုက ထင်မြင်ယူဆနေကြပါတယ်။ ဒါကြောင့်ဒီလို ထင်မြင်ယူဆမှုတွေမရှိရအောင် ပါတီဝင်တွေမဟုတ်ကြတဲ့ ပြည်တွင်းပြည်ပ ပညာရှင်တွေရဲ့အမြင်၊ အတွေ့အကြုံ၊ အကြံပြုချက်တွေကိုရယူပြီး ပြည်သူကို သိရှိနားလည်အောင်ချပြကာ ပြည်သူ၏ အဆုံးအဖြတ်ကိုရယူတာ မကောင်းပေဘူးလားလို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံကို အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ထောင်လျက်ရှိနေပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုတဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြံဆောင်ကြိုးပမ်းမှုမှန်သမျှဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားရေးကို ဦးတည်ထားရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးလျက်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ ကျင့်သုံးတဲ့စနစ်နဲ့အညီ လိုက်လျောညီထွေရှိတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ရာမှာလည်း မိမိတို့နိုင်ငံရဲ့ လက်ရှိ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေ မိမိတို့နိုင်ငံရဲ့ တည်ရှိမှုပထဝီအနေအထား နိုင်ငံတော် ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းအခြေအနေစတဲ့ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးတော့ ဆောင်ရွက်ကြရပါမယ်။ တိုးတက်ဖြစ်ထွန်းမှုကို ရှေးရှုတဲ့ပြုပြင်ပြောင်းလဲမှုကို မြန်မြန်လုပ်နိုင်လေ နိုင်ငံအတွက် မြန်မြန်အကျိုးခံစားရလေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်ရာမှာ မလွဲမသွေဆောင်ရွက်ရမှာကတော့ ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ ဘယ်ရွေးကောက်ပွဲစနစ်မှ အားလုံးပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူး။ အားနည်းချက်၊ အားသာချက်တွေ ရှိကြပါတယ်။ မိမိတို့ကျင့်သုံးတဲ့ ရွေးကောက်ပွဲစနစ်ဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှဆင်းသက်သည်။ အများစုရဲ့ဆန္ဒကိုလိုက်နာ၊ အနည်းစုရဲ့ဆန္ဒကိုလေးစားတန်ဖိုးထားရမယ်

ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့ ဒီမိုကရေစီအနှစ်သာရကို ကိုက်ညီဖို့လိုအပ်သလိုပဲ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်လှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်နဲ့ လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်စေရန် ရွေးကောက်ပွဲနည်းလမ်း (၈)မျိုးကို ရှာဖွေဖော်ထုတ်ပြီး နည်းလမ်း(၃)နှင့် နည်းလမ်း(၄)သည် လက်ရှိမြန်မာနိုင်ငံတော်ရဲ့ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိနိုင်ကြောင်း အကြံပြုတင်ပြခဲ့တဲ့ကော်မရှင်ရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိနိုင်တယ်ဆိုတဲ့ ကော်မရှင်ရဲ့အကြံပြုတင်ပြတဲ့ နည်းလမ်း(၃)နှင့် နည်းလမ်း(၄)အနက် လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် နည်းလမ်း(၄)သည် ပိုမိုသင့်လျော်ပါကြောင်း သုံးသပ်ရရှိပါတယ်။ နည်းလမ်း(၄)နှင့်ပတ်သက်ပြီး အရင်နေ့များကရော ယနေ့မှာပါ ကိုယ်စားလှယ်များက အကျယ်တဝင့်ရှင်းလင်းသွားပြီဖြစ်လို့ ကျွန်တော့်အနေနဲ့ ရှင်းလင်းခြင်းမပြုတော့ပါဘူး။ သို့သော်နည်းလမ်း(၄)ကို ကျင့်သုံးခြင်းဖြင့် မဲအများဆုံးရသူ အနိုင်ယူ FPTP စနစ်ကို အခြေခံထားတဲ့အတွက် မဲတစ်မဲသာပေးရတဲ့အတွက် မဲဆန္ဒရှင်ပြည်သူတွေ အခက်အခဲမရှိနိုင်ခြင်း၊ မဲဆန္ဒနယ်များ ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းက အတတ်နိုင်ဆုံးဆောင်ရွက်နိုင်ခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဘာသာစကားအခက်အခဲနှင့် စာတတ်မြောက်မှုနှုန်းနိမ့်ကျနေတဲ့ ပြည်နယ်ဒေသတွေအခြေအနေကို ထည့်သွင်းစဉ်းစားပေးထားခြင်း၊ အထူးသဖြင့် အများစုရဲ့ဆန္ဒကိုလိုက်နာ အနည်းစုရဲ့ဆန္ဒကို လေးစားတန်ဖိုးထားရမယ်ဆိုတဲ့ ဒီမိုကရေစီစံနှုန်းအနှစ်သာရများနှင့် ပိုမိုကိုက်ညီမှုရှိခြင်း၊ တစ်နည်းအားဖြင့် ပြည်သူတို့ရဲ့ ကိုယ်စားပြုမှုပိုမို ဖြစ်ထွန်းစေခြင်းတို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရှေ့က တင်ပြခဲ့သလိုပါပဲ။ ကျွန်တော်တို့ ကြံဆောင်လုပ်ကိုင်နေသမျှသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးစီးပွားကို ဦးထိပ်ထားခြင်းဖြစ်ပါတယ်။ လတ်တလောအကျိုးစီးပွားထက် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ပါတီစွဲနဲ့ဆောင်ရွက်နေကြတာ မဟုတ်ပါကြောင်း တင်ပြလိုပါတယ်။ အထူးအဖြင့် နောင်လာမယ့် ရွေးကောက်ပွဲမှာ ရှုံးမှာကြောက်လို့ ဆောင်ရွက်နေကြတာ မဟုတ်ကြောင်းကိုလည်း သိစေလိုပါတယ်။ အဲ့ဒီအချိန်ကျရင် အသိအမြင်ကျယ်လာကြပြီဖြစ်တဲ့ ပြည်သူတွေရဲ့ မှန်ကန်တဲ့အဆုံးအဖြတ်ပေးမှုကို ရဲဝံ့စွာခံယူရန် အသင့်ပြင်ဆင်ထားပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၀ မတိုင်မီ အခြေအနေနဲ့ ယနေ့အခြေအနေများစွာ ကွာခြားသွားပါပြီ။ လေးနှစ်တာကာလအတွင်း တည်ငြိမ်အေးချမ်းမှုတွေ၊ ဖွံ့ဖြိုး

တိုးတက်မှုတွေ တစ်နှစ်ထက်တစ်နှစ် ပြည်သူတွေတိုးလို့ ခံစားနေကြရပါတယ်။ ကျွန်တော်တို့ဒေသကိုပဲ သာဓကထားပြီး တင်ပြလိုပါတယ်ခင်ဗျား။ တစ်ချိန်က ၂၀၁၀ လောက်က ကျော်ကျော်ခဲစားသွားရင် အစာကြေတယ်ဆိုပြီး ကျွန်တော်ပြောခဲ့တဲ့လမ်း အခုကတ္တရာလမ်းဖြစ်နေပါပြီ။ အန္တရာယ်ကင်းအောင် ဂါထာ၊ မန္တန်ရွတ်ပြီးသွားခဲ့ရတယ်ဆိုတဲ့လမ်း အခုစိတ်ရှိရင်ည ၁၂ နာရီထသွားလို့ ရနေပါပြီ။ ကျန်တဲ့ ဒေသတွေကဒီလိုပါပဲ။ ကျွန်တော့်ဒေသအပါအဝင် တစ်နိုင်ငံလုံးမှာ အစစဖွံ့ဖြိုးတိုးတက်လို့ နေပါပြီ။ ဒါတွေဟာ ကျွန်တော်တို့ရဲ့စေတနာမှန်တဲ့ လုပ်ရပ်မှန်လို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ မစားရဝခမန်း လေသေနတ်ပစ်နေတဲ့လူတွေလား။ တကယ့်လက်တွေ့သမားလားဆိုတာကို ပြည်သူတွေက ဝေဖန်သုံးသပ်ဆုံးဖြတ်နိုင်နေကြပါပြီ။ ပြည်သူတွေရဲ့ အသိအမြင်အတွေးအခေါ်ဟာလည်း အရင်နှစ်နှစ်ကနဲ့မတူ များစွာကွာခြားတိုးတက်နေပြီဆိုတဲ့ အကြောင်း အလျဉ်းသင့်တုန်း အသိပေးပြောကြားလိုပါတယ်။ ပြည်သူ့ဆန္ဒကိုအလေးထား ပြည်သူ့အားကို ယုံကြည်ပါတယ်ခင်ဗျား။ မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း(Self Confidence)က လိုအပ်တဲ့ လူ့အရည်အချင်းတစ်ရပ်ဖြစ်ပေမယ့် Over Confidence ဆိုတဲ့ ယုံကြည်မှုလွန်ကဲခြင်းဟာ အမှားတွေ့နိုင်ကြောင်း ဖတ်ရှုလေ့လာမှတ်သားဖူးလေတော့ မိမိကိုယ်မိမိအမြဲဆင်ခြင်ပြီး နေထိုင်လျက်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံတော် ဖြစ်ပါတယ်။ ဒေသတစ်ခုမှာ လူမျိုးတစ်မျိုးတည်းသီးခြားနေထိုင်ကြတာမဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းရင်းသားတွေသင့်မြတ်မှု၊ စည်းလုံးညီညွတ်မှု ကျွန်တော်တို့မျှော်မှန်းတဲ့အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာတွေပဲလုပ်လုပ်၊ ဘာကိစ္စပဲစီမံစီမံ အလေးထားစဉ်းစားရမှာက တိုင်းရင်းသားတွေအရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအရေး စဉ်းစားခြင်းဟာ ပြည်သူအားလုံးရဲ့အရေးကို စဉ်းစားခြင်းဖြစ်တယ်လို့ မှတ်ယူရပါလိမ့်မယ်။ အဲ့ဒီလိုထည့်သွင်းစဉ်းစားဦးစားပေးခြင်းဟာ အင်္ဂလိပ်ကိုလိုနီအစိုးရကျင့်သုံးခဲ့တဲ့ Divide in Rule အုပ်ချုပ်ရေးစနစ်နဲ့ ရည်ရွယ်ချက်ချင်းလုံးဝမတူပါကြောင်းလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ စနစ်တစ်ခုကို နိုင်ငံအများက ကျင့်သုံးလို့စနစ်တစ်ခုကို နိုင်ငံအများက ကျင့်သုံးလို့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ မိုက်ပေးပါ။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ စနစ်တစ်ခုကို နိုင်ငံအများက ကျင့်သုံးလို့စနစ်တစ်ခုကို နိုင်ငံအများက ကျင့်သုံးလို့၊ နိုင်ငံကြီးများက ကျင့်သုံးလို့လိုက်နာကျင့်သုံးဖို့ မလိုအပ်သလို ဘယ်နိုင်ငံမှာမှ ကျင့်သုံးခြင်းမရှိသေးလို့ လိုက်နာကျင့်သုံးရန်မသင့်ပါကြောင်း မပြောနိုင်ပါဘူးခင်ဗျား။ မိမိတို့နိုင်ငံမှာ ကျင့်သုံးတဲ့စနစ်ဟာ နိုင်ငံတော်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ဖော်ဆောင်နိုင်မယ်ဆိုရင် Myanmar Model ရွေးကောက်ပွဲစနစ်ဆိုပြီး ကမ္ဘာတောင်ကျော်သွားနိုင်ပါတယ်။ အဓိကကတော့ မိမိတို့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအမှန်နဲ့ လိုက်လျောညီထွေမှုရှိမည့် ရေရှည်အကျိုးဖြစ်ထွန်းစေမယ့် ရွေးကောက်ပွဲစနစ်တစ်ရပ်ကို စိတ်ထားစေတနာမှန်ကန်စွာဖြင့် ရှာဖွေဖော်ထုတ်ကျင့်သုံးခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးများမည်ဖြစ်ပါကြောင်း ဆွေးနွေးနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာသုံးသပ်ရေးကော်မရှင်တင်ပြသွားတာတွေကို နည်းလမ်း(၃)နဲ့ (၄) ပါလာတဲ့အပေါ်မှာ ကျွန်တော်တို့ ကိုယ်စားလှယ်တော်တော်များများက ဒါဟာ နည်းစနစ်ဖော်ထုတ်ခိုင်းရာမှာ ဒီဇိုင်းတွေဆွဲလာတယ်ဆိုပြီးတော့ စွပ်စွဲထားတာ ရှိပါတယ်။ ကျွန်တော်ကတော့ ကော်မရှင်ဟာ သူ့တာဝန်သူကျေတယ်လို့ ယူဆလိုပါတယ်။ Power Point မှာကြည့်ပါခင်ဗျား။ အကယ်၍ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မရတဲ့ ခြောက်မြို့နယ်ကို ပါတီကြီး(က)နဲ့(ခ)က ရရှိမယ်ဆိုရင် အခုတင်ပြပါအတိုင်း (၁)၊ (၂)၊ (၃)၊ (၁)၊ (၂)၊ (၃) ဆိုပြီးတော့ ဒီလိုမျိုးကာလာတွေ ချယ်ထားတဲ့ မြို့တွေမှာ တိုက်ရိုက်ခွဲလို့ရပါ့မလားခင်ဗျား။ ဒီဒီဇိုင်းကို ကော်မရှင်က ဖော်ထုတ်ထားခြင်းမရှိသေးပါဘူး။ နောက်တစ်ခုက ပါတီ(ခ)က အပေါ်က နယ်မြေတွေကိုသွားမှာလား။ ပါတီ(က) ကအောက်က နယ်မြေသွားမယ်ဆိုတာလည်း ဒီဇိုင်းမှာဖော်ထားခြင်း မရှိသေးပါဘူး။ ဒါ့ကြောင့်မို့လို့ ကော်မရှင်ဟာ နည်းစနစ်ကိုပဲ ဖော်ထုတ်ထားတယ်။ ဒီဇိုင်းတွေကို တင်ပြနေခြင်း မဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကော်မရှင်တင်ပြတဲ့ နည်းလမ်းအမှတ်စဉ်(၃)နဲ့(၄)ဟာ ဒီဇိုင်းတွေသာဖြစ်တယ်လို့ သတ်မှတ်လို့မရပါဘူး။ စဉ်းစားရွေးချယ်ရန် အခွင့်အလမ်းရှိတဲ့ ရွေးကောက်ပွဲစနစ်များလို့သာ ယူဆရမှာ ဖြစ်ပါတယ်။ ဒီမှာဆိုလို့ရှိရင်လည်း ဒီမဲဆန္ဒနယ်အားလုံး ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ နိုင်တဲ့ရလဒ်တွေချည်းပဲ ပေါ်ထွက်မှာ မဟုတ်ဘူးလို့ ဘယ်သူမှအတတ်

မပြောနိုင်ပါဘူး။ အဲဒီရွေးကောက်ပွဲနေ့ရဲ့ ပြည်သူများရဲ့ဆန္ဒ ဖြစ်ပါတယ်။ အပြာရောင်လိုင်းမှာ ကျွန်တော်တို့ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲနဲ့ နိုင်သူအဖြေ အားလုံးထွက်မယ်ဆိုရင် FPTP အစအဆုံး ဖြစ်ပါတယ်။ အကယ်၍အနီရောင်လိုင်းဟာ မဲဆန္ဒနယ်မြေအဝန်းအဝိုင်းတစ်ခု၊ တိုင်းဒေသကြီး တစ်ခုမှာ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ မရတဲ့နေရာဟာ တစ်နေရာပဲ ကျန်တယ်ဆိုရင်တောင် အချိုးချလို့မရတဲ့အတွက် သူသည်လည်းပဲ FPTP စနစ်နဲ့ အဆုံးသတ်သွားမှာ ဖြစ်ပါတယ်။ အဝါရောင်လိုင်းမှာတော့ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ မရတဲ့နေရာဟာ မဲဆန္ဒနယ်နှစ်နေရာ ပေါ်ထွက်မှသာလျှင် အချိုးချလို့ရမှာဖြစ်တဲ့အတွက် FPTP စနစ်ကိုသာ အပြည့်အဝနီးပါးကျင့်သုံးဖို့ ကော်မရှင်က တိုက်တွန်းထားတယ်လို့ ကျွန်တော်တို့ ဒီလိုယူဆသတ်မှတ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဘာဖြစ်လို့ FPTP စနစ်ကိုပဲ အများဆုံး ပြန်ပြီးအခြေခံထားတယ်လို့ ကျွန်တော် ပြောနိုင်လဲဆိုရင် အပြာရောင်လိုင်းမှာ အားလုံး ၅၀ ရာခိုင်နှုန်းအပေါင်းတစ် ရလဒ်ထွက်ရင် FPTP စနစ်ဖြစ်ပါတယ်။ တစ်နယ်ထဲကျန်တယ်ဆိုရင်လည်း FPTP နဲ့ပဲ အဆုံးသတ်မှာ ဖြစ်ပါတယ်။ နှစ်နယ်နှင့်အထက် ကျန်မှသာလျှင် ကျန်တဲ့နယ်ကို အချိုးချရမှာဖြစ်တဲ့အတွက် သူကကျွန်တော်တို့ အချို့ကိုယ်စားလှယ်များ ဆွေးနွေးသလို ဒါက ရောနှောစနစ်လို့ ပြောပါတယ်။ ရောနှောစနစ်မဟုတ်ပါဘူး။ ရလဒ်ပေါ်မှာသာ အပြိုင်စနစ်ဖြစ်ပါတယ်။ အဲ့ဒီရလဒ်မထွက်ခဲ့ရင်တောင် အပြိုင်စနစ်ဆိုတာ ရှိလာမှာမဟုတ်တော့တဲ့အတွက် အပြိုင်စနစ်မှာတောင်မှ အပြိုင်စနစ်ကြီးစစ်စစ်လို့ ပြောလို့မရတဲ့ အနေအထားရှိပါတယ်။ FPTP သာလျှင် လုံးလုံးလျားလျားနီးပါးအားကိုးပြီးတော့ အခြေခံပြီးတော့ ကော်မရှင်ကဖော်ထုတ်ပေးတယ်လို့ ကျွန်တော်တို့ ဒီလို ယုံကြည်ယူဆလို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ရဲ့နည်းလမ်းရှစ်ခုဟာ အဆိုရှင်ရဲ့အဆိုနှင့်အညီ ကော်မရှင်က ဖွဲ့စည်းပေးတဲ့ ခေါင်းစဉ်နှင့်အညီသာ နည်းစနစ်များကို ဖော်ထုတ်ပေးခြင်း ဖြစ်ပါတယ်။ အကယ်၍ ပြည်ထောင်စုလွှတ်တော်ကို ဆက်လက်တင်ပြဖို့ နည်းလမ်းအမှတ်စဉ်(၄)ကို ရွေးချယ်နှစ်သက်မယ် ဆိုရင်တောင် ဒါဟာနည်းစနစ်ကို ရွေးချယ်ခြင်းသာမည်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ နိုင်သူ အကုန်ယူစနစ်အပေါ်မှာ ခိုင်လုံမဲရလဒ်ကို ဒီကရီတစ်ခုသာ တင်ပြီးတော့ တွက်ချက်ခြင်းဖြစ်တဲ့ အတွက် ပြည်သူ့ဆန္ဒကို အလေးထားတဲ့ ဒီမိုကရေစီပိုမိုအားကောင်းစေတဲ့စနစ် ဖြစ်နေဆဲဖြစ်တဲ့ အတွက် အမှန်တကယ်တော့ တိုင်းဒေသကြီးများသာမက ပြည်နယ်များမှာပါ တစ်ပြိုင်တည်း ကျင့်သုံးနိုင်မယ် ဆိုရင်တော့ ပိုမိုသင့်တော်ကြောင်း သုံးသပ်ရရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်တယ်လို့ ဆွေးနွေးသည်ဖြစ်စေ၊ မလိုအပ်ဘူးလို့ ဆွေးနွေးသည်ဖြစ်စေ ကော်မရှင်က

ရှင်းလင်းတင်ပြထားတဲ့ နည်းစနစ်တစ်ခုခုကို ရွေးချယ်သည့်တိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅(ဂ) မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အဆုံးအဖြတ်ကိုရယူဖို့ တိုက်ရိုက်တင်သွင်းခွင့်ရှိတာကြောင့်မို့လို့ ဒီလိုအဆုံးအဖြတ်ရယူဖို့ မဖြစ်မနေကြိုတင်ပေးပို့သင့်ပါကြောင်းနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့သဘောထားကို ရယူသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒီလိုအကြံပြုတင်ပြတာကတော့ ဒီလိုသဘောထားရယူမယ်ဆိုရင် မဲဆန္ဒရှင်များ၏ ရွေးကောက်ပွဲအသိပညာပေးရေး (Voter Education)ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေတဲ့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ပြည်သူများအကြားမှာ ကျယ်ပြန့်စွာကိုယ်စားပြုနေတဲ့ပါတီများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် မဖြစ်မနေထိတွေ့ဆက်ဆံရမည်ဖြစ်သောကြောင့် ၎င်းအခြေအနေသည်ပင်လျှင် ပြည်သူ့ဆန္ဒကို ရယူသကဲ့သို့ဖြစ်ပေါ်လာနိုင်မယ်လို့ ယုံကြည်ပြီးတော့ တင်ပြအပ်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အားဖြင့် အမျိုးသားနိုင်ငံရေးလုပ်တယ်လို့ပဲပြောပြော၊ ပါတီနိုင်ငံရေးလုပ်တယ်လို့ပဲပြောပြော၊ နှစ်မျိုးဆက်ကို ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်တယ်လို့ပဲ ရှုမြင်ရှုမြင် မည်သည့်နိုင်ငံရေးသမားမဆို၊ မည်သည့်နိုင်ငံရေးပါတီမဆို၊ မိမိပြည်သူကို မိမိယုံကြည်ဖို့ လိုအပ်ပါတယ်။ ပြည်သူကိုယုံကြည်မှုရှိတဲ့နိုင်ငံရေးပါတီဟာ မည်သည့်ရွေးကောက်ပွဲမှာမဆို ပါဝင်ယှဉ်ပြိုင်ရဲသည်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ ပြည်ခိုင်ဖြိုးအနေနဲ့ဆိုရင် တစ်နိုင်ငံလုံးမှာ ပြည်သူများအကြားမှာ ဆက်ဆံနိုင်ဖို့အတွက် ပါတီစည်းရုံးရေးရုံးများ၊ ပြည်သူတို့နှင့်ဆက်ဆံမှုရုံးများကို အပြည့်အဝ ဖွင့်လှစ်ပြီးတော့ ကြိုးပမ်းဆောင်ရွက်နေတဲ့ပါတီဖြစ်ပါတယ်။ ဒါကြောင့်မို့ တရားမျှတမှုရှိပြီးတော့ ဥပဒေနှင့်ညီမယ်ဆိုရင်တော့ မည်သည့်ရွေးကောက်ပွဲစနစ်ကိုပဲ ဖော်ထုတ်ပြီးထောက်ခံသည်ဖြစ်စေ၊ ကျွန်တော်တို့ပါတီအနေနဲ့တော့ ယုံကြည်မှုရှိစွာနဲ့၊ အောင်မြင်မှုရှိစွာနဲ့ ပါဝင်ယှဉ်ပြိုင်ရန်အသင့်ဖြစ်နေပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်းသော အဆိုကို လွှတ်တော်သို့ စတင်တင်သွင်းတဲ့အချိန်မတိုင်မီမှာပင် တိုင်းရင်းသားပါတီများအပါအဝင် အချို့လွှတ်တော်ကိုယ်စားလှယ်များက အဆိုကိုကန့်ကွက်ကြောင်း ဥက္ကဋ္ဌထံစာရေးတင်ပြခဲ့ကြပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌက သက်ဆိုင်ရာပါတီများရဲ့ခေါင်းဆောင်များနှင့် လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံကာ ယင်းကိစ္စအတွက် မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးပါမယ်။ တရားမျှတစေရမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။ အဆိုကို လွှတ်တော်အတွင်း စတင် တင်သွင်းဆွေးနွေးတဲ့အခါမှာလည်းပဲ

လွှတ်တော်အတွင်းမှာ လှုပ်လှုပ်ရှားရှားနှင့်အငြင်းပွားပြောဆိုမှုများ ဖြစ်ခဲ့ရပါတယ်။ ဥက္ကဋ္ဌအနေဖြင့် ရွေးကောက်ပွဲနည်းလမ်းနှင့်စနစ် ရွေးချယ်တင်ပြနိုင်ရန် လေ့လာသုံးသပ်ရေးကော်မရှင်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်ကလည်း စေတနာထားကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြပြီး လွှတ်တော်ကို ရွေးကောက်ပွဲ စနစ်နှင့် နည်းလမ်းရှစ်ခုကို တင်ပြနိုင်ခဲ့လို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ကိုလည်း ဂုဏ်ပြုရမှာ ဖြစ်ပါတယ်။ ထိုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦးက အပြုသဘောဆောင်သော ဆွေးနွေးမှုများကို ပွင့်ပွင့်လင်းလင်း မြင်သာစွာဆွေးနွေးခဲ့ရာ အားလုံးကြားမြင်ခဲ့ရပြီးဖြစ်ပါတယ်။ ဆွေးနွေးပေးကြသူများကိုလည်း ချီးကျူးဂုဏ်ပြုလိုပါတယ်။ ယခုအခါ ရွေးကောက်ပွဲစနစ်နှင့် နည်းလမ်းကို လွှတ်တော်က ရွေးချယ်ပေးရမယ့်အချိန်ရောက်လာပါပြီ။ ထိုရွေးကောက်ပွဲစနစ်ကို ရွေးချယ်ပြီးတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ မေးမြန်းဆောင်ရွက်သွားမယ်လို့ မိမိ ဥက္ကဋ္ဌက ပြောကြားခဲ့တာကိုလည်း မှတ်မိကြပါလိမ့်မယ်။ ဆွေးနွေးခဲ့တဲ့အကြောင်းအရာတွေ၊ အချက် အလက်တွေနဲ့ နိုင်ငံနှင့်နိုင်ငံသားများရဲ့ ဆန္ဒသဘောထားများကိုလည်း အလေးထားရမှာဖြစ်သလို လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုသူတွေဖြစ်ကြလို့ ဥပဒေကိုလေးစားလိုက်နာ ကြရမှာဖြစ်ပါတယ်။ ဥပဒေကို ချိုးဖောက်သူများမဖြစ်ဖို့လိုပါတယ်။ ဒါ့ကြောင့် လွှတ်တော်ဥက္ကဋ္ဌအနေ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌထံ ၁၃-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်ဖြင့် ရေးသားပေး ပို့ခဲ့ပါတယ်။ ရေးသားပေးပို့ချက်ကတော့-

သို့

ဥက္ကဋ္ဌ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

အကြောင်းအရာ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ စိစစ်ပေးရေး

၁။ ပြည်သူ့လွှတ်တော်တွင် မြန်မာနိုင်ငံနှင့်သင့်လျော်ပြီး ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်မည့် ရွေးကောက်ပွဲစနစ်နှင့်နည်းလမ်းကို ရွေးချယ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်နှင့် လိုက်လျောညီထွေရှိစေမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်စေရန် လေ့လာသုံးသပ်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအခါ ကော်မရှင်မှရွေးချယ်တင်ပြလာသော စနစ်နှင့်နည်းလမ်း(၈)ခုကို လွှတ်တော် အတွင်း ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ပါသည်။

၃။ ကော်မရှင်ကတင်ပြလာသောစနစ်နှင့် ပူးတွဲဖော်ပြပါနည်းလမ်း(၈)ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိကို စိစစ်ရွေးချယ်ပေးပါရန်နှင့် အခြေအနေပြန်ကြားပေးပါရန် အကြောင်းကြားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌကို မိမိကရေးသားပေးပို့ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌကလည်း ၁၃-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ် ၂၄၀/၄-၅/ရုံးအဖွဲ့ခုံရုံး ၂၀၁၄ ဖြင့်-

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ စိစစ်ပြန်ကြားခြင်း

ရည်ညွှန်းချက် ။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၏ ၁၃-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ် ၀၁/ပသ(စ၀)၃/၂၀၁၄-၂၀၀

၁။ ပြည်သူ့လွှတ်တော်တွင် မြန်မာနိုင်ငံနှင့်သင့်လျော်ပြီး ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်မည့်ရွေးကောက်ပွဲစနစ်နှင့်နည်းလမ်းကို ရွေးချယ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့်ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်က တင်ပြလာသော စနစ်နှင့်နည်းလမ်း(၈)ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ရွေးချယ်ပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာသည့်အပေါ် ပြန်ကြားသည့်ကိစ္စဖြစ်ပါသည်။

၂။ ပူးတွဲပေးပို့လာသော ရွေးကောက်ပွဲနည်းလမ်းများပါ စနစ်နှင့်နည်းလမ်း(၈)ခုအနက် အမှတ်စဉ်(၁) မှာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသုံးပြုလျက်ရှိသော နည်းလမ်းဖြစ်ပါသည်။

၃။ အမှတ်စဉ် (၂) မှာ အချိုးကျကိုယ်စားပြု PR စနစ်ဖြစ်ပြီး အမှတ်စဉ် (၃) မှ (၈) အထိမှာ မဲအများဆုံးရသူအနိုင်ယူ FPTP စနစ်နှင့် အချိုးကျကိုယ်စားပြု PR စနစ် ပေါင်းစပ်ထားသော စနစ်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပုံနှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်ကိုသာကိုယ်စားပြုသည့် ကိုယ်စားလှယ်ကို ရွေးချယ်သောစနစ်နှင့် မူလဆန္ဒမဲကိုသာရေတွက်၍ မဲအများဆုံးရသူ အနိုင်ယူသောစနစ်ကို အခြေခံ ပြဋ္ဌာန်းထားပါသည်။

၅။ သို့ဖြစ်ပါ၍ ရည်ညွှန်းစာနှင့်အတူ ပူးတွဲပေးပို့လာသော ရွေးကောက်ပွဲနည်းလမ်းများပါ ရွေးကောက်ပွဲပုံစံ (၂) မှ (၈) အထိသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ပုံနှင့်စပ်လျဉ်း၍ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိဟု စိစစ်တွေ့ရှိရပါကြောင်း ပြန်ကြားအပ်ပါသည်ဟု ပြန်ကြားလာပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိနိုင်သော ရွေးကောက်ပွဲစနစ်နည်းလမ်း များဖြစ်သည့် အမှတ်စဉ် (၂) မှ (၈) အထိကို ဥပဒေချိုးဖောက်၍ မှားယွင်းစွာမဆောင်ရွက် နိုင်ရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပေးရန် လိုအပ်လာပါတယ်။ ဒါကြောင့် ကော်မရှင်ကတင်ပြ ထားသောစနစ်နည်းလမ်း (၈) ခုအနက် အမှတ်စဉ် (၂)၊ အမှတ်စဉ် (၃)၊ အမှတ်စဉ် (၄)၊ အမှတ်စဉ် (၅)၊ အမှတ်စဉ် (၆)၊ အမှတ်စဉ် (၇)၊ အမှတ်စဉ် (၈) ကို မရွေးချယ်ရန်နှင့် အမှတ်စဉ် (၁) FPTP (First Past The Post) Winner Takes All နိုင်သူအကုန်ယူစနစ် ယခင်က မြန်မာနိုင်ငံက အစဉ်တစိုက်ကျင့်သုံး ခဲ့သော ရွေးကောက်ပွဲစနစ်ကိုရွေးချယ်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကော်မရှင်က တင်ပြထားသောစနစ် နည်းလမ်း (၈) ခုအနက် အမှတ်စဉ် (၁) မဲအများဆုံးရသူအနိုင်ယူ FPTP စနစ်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်အရ ကျန်ရှိတဲ့အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ဖို့ အချိန်မလောက်တဲ့အတွက် ကျန်ရှိတဲ့အစီအစဉ်ကို နောက်တစ်ကြိမ် ထပ်မံပြုလုပ်မယ့် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]